# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၃)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ ၁-၁-၂၀၂၅၊ ဗုဒ္ဓဟူးနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျရောက်သော နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

## ၂၀၂၅ ခုနှစ်မှာ ပြည်သူများရဲ့အောင်ပွဲအဖြစ် နိုင်ငံသားအားလုံးလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ဆီ အရောက်လှမ်းပြီး သက်သေပြကြဖို့လည်း တိုက်တွန်းပြောကြားလို

ဒီနေ့ကျရောက်တဲ့ ၂၀၂၅ ခုနှစ်ရဲ့ နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြပါသော မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့်တကွ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်ကတည်းက နိုင်ငံတော်ရဲ့ ရှေ့ဆက်လျှောက်လှမ်းရမယ့် လမ်းကြောင်းကို မျှော်မှန်းပြီး ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ခဲ့ပါတယ်။ ကျွန်တော်တို့ ခိုင်ခိုင်မာမာနဲ့ ကြိုးစားလျှောက်လှမ်းခဲ့ကြလို့ သိသာထင်ရှားတဲ့ ရည်မှန်းချက်ပန်းတိုင်တွေကိုလည်း တွေ့မြင်နေရပြီ ဖြစ်ပါတယ်။

စာမျက်နှာ ၃ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားစဉ်။

> “ရှေ့ဆက်လျှောက်လှမ်းရမယ့် ခရီးမှာ စိန်ခေါ်မှုတွေ၊ အကျပ်အတည်း၊ အခက်အခဲတွေကို ရင်ဆိုင်တွေ့နိုင်ရပေမယ့် ကျွန်တော်တို့အားလုံးရဲ့ စုစည်းညီညွတ်တဲ့ ပူးပေါင်းစွမ်းအားနဲ့ ကျော်ဖြတ်နိုင်မယ်လို့ ယုံကြည်ပါတယ်”

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်

နေပြည်တော် ဒီဇင်ဘာ ၃၁

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက် ၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေး နေ့စဉ်

## ပျော်ရွှင်ချမ်းမြေ့သော နှစ်သစ်မင်္ဂလာဖြစ်ပါစေ

ခရစ်နှစ် ၂၀၂၄ ခုနှစ်လွန်မြောက်၍ ၂၀၂၅ ခုနှစ်သို့ ကူးပြောင်းရောက်ရှိပြီး နှစ်ဟောင်းလွန်မြောက်၍ နှစ်သစ်အခါသမယကို ရောက်ရှိသော ယနေ့သည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နေ့ဖြစ်ပါသည်။

၂၀၂၅ ခုနှစ် နှစ်သစ်တွင် လူသားအချင်းချင်း မေတ္တာသက်ဝင်ချစ်ခင်ခြင်း၊ အကြင်နာတရားထားခြင်း၊ အပြန်အလှန် လေးစားခြင်းတို့ ထားရှိနိုင်ကြပါစေ။ ထိုသို့ထားရှိကြမှသာ လူသားတို့ကြုံတွေ့နေရသော အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်မည်ဖြစ်သည်။

လူသားတစ်ဦးချင်းစီက ကိုယ်စီကိုယ်င ကိုယ်ကျင့်တရားကောင်းမွန်အောင် ပြုပြင်ခြင်း၊ အသိပညာ၊ အတတ်ပညာစွမ်းအားမြင့်မားအောင် ကြိုးစားဆောင်ရွက်ခြင်းတို့ဖြင့် မိမိတို့နိုင်ငံတော်၏ လှပသော အနာဂတ်ကို ဖော်ဆောင်ကြရမည်ဖြစ်သည်။

တက်ကြွနိုးကြားမှုရှိသော လူငယ်မောင်မယ်များပေါ်ထွန်းလာစေချင်သည်။ အမြဲတမ်းတက်ကြွနိုးကြားသော စိတ်ထားနှင့်အတူ အရေးကြီးဆုံးမှာ ပြင်းပြသော ဆန္ဒ၊ ကြီးမားသော မျှော်လင့်ချက်များ ထားရှိကြရန် လိုအပ်မည်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များ တိုးတက်ကြီးပွားပြီး အရည်အချင်းပြည့်ဝသူများဖြစ်အောင် ကြိုးစားရင်း ကမ္ဘာ့အလယ်တွင် မြန်မာတို့ ဂုဏ်တင့်တယ်စေချင်သည်။ “ကိုယ်၊ နှုတ်၊ စိတ်သုံးပါးလုံး ယဉ်ကျေးသိမ်မွေ့ရမည်ဖြစ်သည်။ တွေ့မြင်သူတိုင်းက လေးစားရသည့် ကိုယ်၊ နှုတ်၊ အမူအရာရှိရမည်ဖြစ်သည်။ ပညာရှိပြီး ထက်မြက်သော လူစွမ်းကောင်းတွေသည် ဘဝပင်လယ်ပြင်ထဲတွင် ကျွန်းတစ်ကျွန်းကို တည်ဆောက်နိုင်မည်ဟူ၍ သီတဂူဆရာတော်ကြီး မိန့်ကြားတော်မူခဲ့သည်။

နှစ်သစ်တွင် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ တန်းတူညီမျှခြင်း၊ ချစ်ကြည်ခြင်း၊ ခွင့်လွှတ်ခြင်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ နှစ်သစ်တွင် နိုင်ငံတော်တစ်ဝန်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ပြီး နိုင်ငံတော်၏စီးပွားရေးကို တိုးတက်စေချင်သည်။ လူတစ်ဦးချင်းစိတ်၊ လူနေမှုဘဝသည်ထက်ပိုမိုမြင့်မားစေချင်သည်။ စိတ်သစ်၊ အင်အားသစ်၊ အတွေးခေါ် သစ်၊ စိတ်စေတနာကောင်းထားကာ လုပ်ဆောင်ပါလျှင် မည်သည့်အရာမဆို မုချအောင်မြင်ရမည်ဖြစ်သည်။

နှစ်သစ်အခါသမယမှစ၍ ဗုဒ္ဓဘာသာ သာသနာရောင်ဝါနေသို့ထွန်းပါစေ၊ မြန်မာမျိုးနွယ် ကမ္ဘာ့အလယ် ဝင့်ထည်မြင့်၍တင့်တယ်ပါစေ၊ ကိုယ့်မြို့ရွာကိုယ်ပါချစ်၍ မြတ်နိုးကြပါစေ၊ သူများအကျိုးဆောင် ကိုယ်ကျိုးအောင်၊ နောက်နောင်ကျေးဇူးသိနိုင်ကြပါစေဟူသော ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး၏ ဩဝါဒဆုတောင်းအတိုင်း နှစ်သစ်တွင် ပြည့်စုံအောင် ဖြည့်ဆည်းကြစေချင်သည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော လူမျိုးမရွေး၊ ဘာသာမရွေး ပြည်သူလူထုအပေါင်း နှစ်သစ်တွင် ကိုယ်စိတ် နှစ်ဖြာကျန်းမာချမ်းသာကြပါစေ ဆုတောင်းမေတ္တာပို့သလိုက်ရပါကြောင်း ရေးသားလိုက်ရပေသည်။

## ရွှေစက်တော်ဘုရားပွဲတော်ရာသီအမီ စကုမြို့ရှိ စေတီပုထိုးများနှင့် အထင်ကရနေရာများ အဆင့်မြှင့်တင်ဆောင်ရွက်နေ



**မင်းဘူး ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စကုမြို့၌ ရွှေစက်တော်ဘုရားပွဲတော်ရာသီအမီ သမိုင်းဝင်စေတီပုထိုးများနှင့် အထင်ကရနေရာများ၌ အဆင့်မြှင့်တင်ဆောင်ရွက်နေကြောင်း စကုမြို့အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

စကုမြို့တွင် ထေရ်ကြီးစေတီ၊ ဘိုးနန်းသူစေတီ၊ လုံယာဉ်ပျံစေတီ၊ ရှုပါရုံစေတီစသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် စေတီပုထိုး ဖြဆူအား ပြန်လည်ပြုပြင်ခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ ထုံးသင်္ကန်းကပ်လှူခြင်း၊ အုတ်တံတိုင်းများ၊ တန်ဆောင်းများအား ရှေးမူလက်ရာအတိုင်း အသစ်ပြန်လည်ပြုပြင်လျက်ရှိကြောင်း စကုမြို့ အုပ်ချုပ်ရေးမှူး ဦးချိုစန်းလွင်ဦးထံမှ သိ ရသည်။

မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ရွှေစက်တော်ဘုရားပွဲတော်ရာသီအချိန်တွင် အနယ်အနယ်အရပ်ရပ်မှ ဘုရားဖူးလာ ခရီးသွားပြည်သူများ လေ့လာလည်ပတ်နိုင်ရန် စကုမြို့ရှိ တန်ခိုးကြီး စေတီပုထိုးများနှင့် အခြားအထင်ကရနေရာများအား ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ အုတ်တံတိုင်းနှင့် စေတီပျက်များ ပြန်လည်ဖော်ဆောင်ပြုပြင်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ထုံးသင်္ကန်း ရွှေသင်္ကန်းများ ကပ်လှူခြင်းစသော အထင်ကရစေတီတော်ပေါင်း ဖြဆူအား အဆင့်မြှင့်တင်၍ ပြန်လည်ဖော်ဆောင်ပြုပြင်ထားကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၅၀၄)**

## မဟာမြိုင်(၁)၊(၂)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၂၃)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)၊ (၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်းတို့၏ (၂၃)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၄ နာရီခွဲက ဇီဝလမ်းနှင့်သိပ္ပံလမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ကြက်သားဟင်း၊ ကြက်အူချောင်းခြောက်ကျော်၊ ခရမ်းချဉ်သီးငါးပိချက်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထု ငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး နဝကမ္မဝတ္ထု ငွေကျပ် ၁၀၅၀၀၀ နှင့် သင်္ကန်းဒွိစုံခုနစ်စုံတို့ကို စာရေးတံမဲဖောက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့်ဇနီး ဒေါ်ယုယုဇော်၊ ဦးကျော်မျိုးအောင်နှင့် ဇနီး ဒေါ်နှင်းယုလှိုင်၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ဘုံဆွမ်းလောင်းအသင်းဝင်များနှင့် ကောင်းထက်မဟာ စားသောက်ကုန်လုပ်ငန်းမိသားစုတို့က လောင်းလှူခဲ့ကြကြောင်း သိရသည်။

**(ယာပုံ)**

**(၀၄၀)**



## (၁၃၄)ကြိမ်မြောက် သာစည်မြို့ နဘဲရွှေထီးမြတ်စွာဘုရားပွဲတော် ပုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် အမျိုးသားဖိတ်ခေါ် ဘော်လီဘောပိုလ်လုပွဲ ကျင်းပ၊ ပုန်းမဲဇာကုန်းကျေးရွာအသင်း အနိုင်ရပိုလ်စွဲ



**သာစည် ဒီဇင်ဘာ ၃၁**

(၁၃၄)ကြိမ်မြောက် နဘဲရွှေထီးမြတ်စွာဘုရားပွဲတော် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် အမျိုးသားအလွတ်တန်းဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် ညနေပိုင်းက သာစည်မြို့ အမှတ်(၇)ရပ်ကွက်၊ နဘဲရွှေထီး ဘုရားကျောင်းဝင်းရှိ ဘော်လီဘောကွင်းတွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲသို့ မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးတင့်ဝေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဘော်လီဘောဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ပွဲတော်ကျင်းပရေးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဘုရားပွဲတော်လာ ဒေသခံပြည်သူများ၊ ပြိုင်ပွဲဝင်အသင်းတို့မှ အုပ်ချုပ်သူနည်းပြများအား ကစားသမားများ၊ ဘော်လီဘောအားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲတွင် ပုန်းမဲဇာကုန်းကျေးရွာအသင်းက ဇီးပင်ပေါက်ကျေးရွာအသင်းကို ၃ပွဲ၊ ၁ပွဲဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ တတိယဆုရ လှိုင်းတက်ကျေးရွာအသင်းအား ပွဲတော်ကျင်းပရေးကော်မတီဝင်ရပ်မိရပ်ဖ ဦးခင်မောင်ဆင့်က ဆုငွေကျပ် ၅ သိန်းပေး အပ်ချီးမြှင့်ပြီး ဒုတိယဆုရ ဇီးပင်ပေါက်ကျေးရွာအသင်းအား ဆုငွေကျပ် ၇ သိန်း၊ ပထမဗိုလ်စွဲသည့် ကုန်းမဲဇာကုန်းကျေးရွာအသင်းအား မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးတင့်ဝေ (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာသိပ္ပံ)က ပထမတံခွန်စိုက်ဆုဖလားနှင့် ဆုငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**တင်မောင်(မန္တလေး)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



ပုဂံရှုခင်း ဓာတ်ပုံ - ကျော်မျိုးသီဟ(ပြန်/ဆက်)

**ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ရဲ့ လိုအင်ဆန္ဒတွေကို ပဋိပက္ခလုပ်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုတွေက ရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖော်ဆောင်ခြင်းဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်း ဆောင်ရွက်ကြဖို့လိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၅-၁၀-၂၀၂၄ ရက်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

---

✪ ရှေ့ဖုံးမှ

ကျွန်တော်တို့ ပြည်သူများက တက်တက်ကြွကြွနဲ့ ဝိုင်းဝန်းကူညီပေးခဲ့တဲ့အတွက်ပဲ ဖြစ်ပါတယ်။ ရှေ့ဆက် လျှောက်လှမ်းရမယ့်ခရီးမှာ စိန်ခေါ်မှုတွေ၊ အကျပ်အတည်း၊ အခက်အခဲတွေကို ရင်ဆိုင်တွေ့နိုင်ရပေမယ့် ကျွန်တော်တို့အားလုံးရဲ့ စုစည်းညီညွတ်တဲ့ ပူးပေါင်းစွမ်းအားနဲ့ ကျော်ဖြတ်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော်တို့ နိုင်ငံသားများရဲ့ ကောင်းကျိုးကို မလိုလားသူတွေအနေနဲ့ ၂၀၂၄ ခုနှစ်အတွင်း မြို့ရွာများလုံခြုံရေးနဲ့ စီးပွားရေးဆိုင်ရာ နယ်ပယ်အသီးသီး ကို အဓိကပစ်မှတ်ထားပြီး နှောင့်ယှက်ဖျက်ဆီးခဲ့ကြပါတယ်။ ကိုယ်နေထိုင်ရာ ကိုယ့်ရဲ့ဒေသနဲ့ လူမျိုးကို ထိခိုက်ပျက်စီးစေတဲ့ အသိဉာဏ်မဲ့တဲ့သူများရဲ့ လုပ်ရပ်များပဲဖြစ်ပါတယ်။ လူမျိုးရေး၊ တန်းတူညီမျှရေး၊ ဒီမိုကရေစီရေးဆိုတဲ့ ကောင်းမွန်မြင့်မြတ်တဲ့ အကြောင်းအရာများကို အကြမ်းဖက်လုပ်ရပ်များအပေါ် ခေါင်းစဉ်တပ်ပြီး ကိုယ့်လူမျိုး၊ ကိုယ့်ဒေသကို အောက်ကျနောက်ကျ လုပ်နေတာပဲ ဖြစ်ပါတယ်။ ဒီလုပ်ရပ်တွေကို ကျွန်တော်တို့ ကာကွယ်တားဆီးကြဖို့၊ ရပ်တန့်အောင် ကြိုးစားကြဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ၂၀၂၄ ခုနှစ်အတွင်းမှာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပါတယ်။ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ကြီးကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်ရဲ့ အားကစားအဆင့်အတန်း မြင့်မားအောင် အုတ်မြစ်ချနိုင်ခဲ့ပါတယ်။

တိုင်းပြည်ကိုလည်း အတိုင်းအတာ တစ်ခုအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှုဟာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်ကာကွယ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီစနစ် ခိုင်မြဲစေရေးအတွက် စွန့်လွှတ်စွန့်စားစွာ ဆောင်ရွက်နေကြသူများ ရှိနေကြလို့ပဲဖြစ်ပါတယ်။ နိုင်ငံတော်အတွက် အသက်၊ ခန္ဓာ စွန့်လွှတ်ခဲ့ကြတဲ့ သူရဲကောင်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံသူ နိုင်ငံသားများ အားလုံးကို ကျွန်တော် အလေးအနက်ဂုဏ်ပြုပါကြောင်း ပြောလိုပါတယ်။ ဒါတွေဟာ သမိုင်းမှတ်တမ်းတွေအဖြစ် ကျန်ရစ်ခဲ့မှာဖြစ်သလို ကျွန်တော်တို့အားလုံးရဲ့ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်နေမှုနဲ့ စည်းလုံးညီညွတ်မှုတို့ကို ဖော်ထုတ်ပြသနိုင်ခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခဟာ စိန်ခေါ်မှုတစ်ရပ်အနေနဲ့ ရှိနေပါသေးတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အကျိုးအတွက်၊ ပြည်သူတို့ရဲ့အကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းတဲ့ ပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်လိုတဲ့ ရည်ရွယ်ချက်သာရှိပါတယ်။ ဒါကိုပြည်သူအားလုံး လိုလားတဲ့ နိုင်ငံရေးနည်း၊ တွေ့ဆုံဆွေးနွေးခြင်း နည်းများနဲ့သာ ဖြေရှင်းကြရမှာ၊ ဖော်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုနည်းလမ်းများကသာ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ပြီး စီးပွားရေးနဲ့လူမှုရေးအခြေအနေများ တိုးတက် ကောင်းမွန်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအနေနဲ့ ခေါင်းစဉ်အမျိုးမျိုးပြပြီး ဒီမိုကရေစီစနစ်ကို လိုလားတယ်လို့ ပြောနေပေမယ့် လက်တွေ့မှာတော့ ကိုယ်ကျိုးအတ္တကို အခြေခံတဲ့ လိုအင်ဆန္ဒသက်သက်နဲ့ လက်နက်ကိုင်ပဋိပက္ခကိုသာ ဖန်တီးနေကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ထို့အတူပဲ အချို့သောတိုင်းရင်းသားခေါင်းဆောင်များဟာ ဖက်ဒရယ် အခွင့်အရေး၊ တိုင်းရင်းသား အခွင့်အရေးလို့ ပြောနေကြသော်လည်း ဒီမိုကရေစီရဲ့ သဘောသဘာဝကို မျက်ကွယ်ပြုပြီး ပြည်ထောင်စုပြိုကွဲအောင် ဦးတည်ဆောင်ရွက်နေကြတာကိုလည်း တွေ့နေရပါတယ်။ ဖြစ်ချင်တာ၊ ဖြစ်သင့်တာများ ချင့်ချိန်စဉ်းစားပြီး ဖြစ်နိုင်တာကို ပြည်ထောင်စုအကျိုးကို မျှော်ကိုးပြီး ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်ဖို့ သင့်တယ်လို့ ပြောလိုပါတယ်။ ဒီလိုဘုံရည်မှန်းချက်နဲ့ လျှောက်လှမ်းကြတဲ့ လမ်းကြောင်း မတူညီတဲ့အတွက်လည်း ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခတွေ မချုပ်ငြိမ်းနိုင်သေးတာလည်းဖြစ်ပါတယ်။ ဒါတွေကိုဖြေရှင်းနိုင်ဖို့ ကျွန်တော်တို့အားလုံး စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက်လှမ်းကြဖို့လိုပါတယ်။ ကျွန်တော်တို့ ပြည်သူများကလည်း လက်နက်ကိုင်အဖွဲ့များကို ဒီမိုကရေစီလမ်းကြောင်း ပေါ်ရောက်အောင် တွန်းအားပေးကြဖို့ လိုအပ်ကြောင်းလည်း ပြောကြားလိုပါတယ်။

ဒီကမ္ဘာလောကကြီးမှာ တိုင်းပြည် နိုင်ငံတစ်ခုဖြစ်စေ၊ လူမျိုးတစ်မျိုးဖြစ်စေ ကောင်းစွာ ရှင်သန်ရပ်တည်နေနိုင်ဖို့ မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းနဲ့ မိမိတို့ရဲ့ လုပ်ကိုင်နိုင်စွမ်းတွေကို မြှင့်တင်နေကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဘဝရပ်တည်ရေးကို ကိုယ်စွမ်းကိုယ်စနဲ့ မထိန်းသိမ်းနိုင်ရင် နိုင်ငံရဲ့အချုပ်အခြာအာဏာအားနည်းပြီး သူတစ်ပါးလက်အောက်ခံဘဝကို ကျရောက်စေနိုင်တာကိုလည်း သတိချပ်စေလိုပါတယ်။ လွတ်လပ်တဲ့နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေဖို့၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေဖို့ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားအားလုံးက သွေးစည်းညီညွတ်ကြရပါမယ်။ နိုင်ငံတော်ကို ဘေးအန္တရာယ်ကျရောက်လာရင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိတဲ့တပ်မတော်နဲ့ ပြည်သူတို့ ခိုင်ခိုင်မြဲမြဲလက်တွဲပြီး တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်၊ သူရသတ္တိအပြည့်အဝနဲ့ နိုင်ငံတော်အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာနဲ့ ကာကွယ်ပြီး နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ကြမယ်ဆိုတဲ့ စိတ်ဓာတ်တွေ မွေးကြရပါမယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိတဲ့ ရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပေးနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ကို ဒီမိုကရေစီ လမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူများက ၂၀၂၄ ခုနှစ်မှာ ပြသနိုင်ခဲ့ကြတဲ့ တိုင်းချစ်ပြည်ချစ်စိတ်များ၊ မျိုးချစ်စိတ်များကို အခြေခံပြီး စည်းလုံးညီညွတ်စွာနဲ့ ရွေးကောက်ပွဲကြီး အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ ပန်ကြားလိုပါတယ်။ ၂၀၂၅ ခုနှစ်မှာ ပြည်သူများရဲ့အောင်ပွဲအဖြစ် နိုင်ငံသားအားလုံး လိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ဆီ အရောက်လှမ်းပြီး သက်သေပြကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

မြန်မာနိုင်ငံသား မိဘပြည်သူညီအစ်ကို မောင်နှမများအားလုံး တစ်ဦးပေါ်တစ်ဦး အပြန်အလှန်မေတ္တာထားပြီး နိုင်ငံနဲ့လူမျိုး ကောင်းကျိုးကိုဖော်ဆောင်နိုင်ကြသူများ ဖြစ်ပါစေကြောင်း နှစ်သစ်ကူး ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျာ။

> **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်ကာကွယ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီစနစ် ခိုင်မြဲစေရေးအတွက် စွန့်လွှတ်စွန့်စားစွာ ဆောင်ရွက်နေကြသူများ ရှိနေကြလို့ပဲဖြစ်ပါတယ်။ နိုင်ငံတော်အတွက် အသက်၊ ခန္ဓာစွန့်လွှတ်ခဲ့ကြတဲ့ သူရဲကောင်းတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံသူ နိုင်ငံသားများအားလုံးကို ကျွန်တော် အလေးအနက်ဂုဏ်ပြုပါကြောင်း ပြောလိုပါတယ်**

> **ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခတွေ မချုပ်ငြိမ်းနိုင်သေးတာလည်း ဖြစ်ပါတယ်။ ဒါတွေကို ဖြေရှင်းနိုင်ဖို့ ကျွန်တော်တို့အားလုံး စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက်လှမ်းကြဖို့လိုပါတယ်။ ကျွန်တော်တို့ ပြည်သူများကလည်း လက်နက်ကိုင်အဖွဲ့များကို ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်အောင် တွန်းအားပေးကြဖို့ လိုအပ်ကြောင်းလည်း ပြောကြားလိုပါတယ်**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ၏ ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ



ယနေ့သည် ၂၀၂၄ ခုနှစ်ဟုဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၂၀၂၅ ခုနှစ်ဟုဆိုအပ်သော ကမ္ဘာ့နှစ်သစ်သို့ စတင်ရောက်ရှိသည့် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ယခုလိုမင်္ဂလာအပေါင်းနှင့်ခညောင်းပြည့်စုံသော ကမ္ဘာ့နှစ်သစ်မင်္ဂလာအချိန်အခါမှစ၍ မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် ကမ္ဘာသူ ကမ္ဘာသားအားလုံးကျရောက်ဆဲ,ကျရောက်လတ္တံ့ဖြစ်သော ဘေးဥပဒ်အန္တရာယ် ရန်စွယ်အပေါင်းမကောင်းဟူသမျှ ပြစ်ဒေါသတို့မှကင်းစင်ပကြလျက် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော အတတ်ပညာ၊ စည်းစိမ်ချမ်းသာ၊ ကျော်စော သတင်း၊ မိတ်ကောင်းဆွေကောင်းများရရှိနိုင်စေရန် -

**"ပညာရှိထံ၊ ရိုကျိုးနှံ၍၊ နည်းခံသင်မှ၊ ပညာရ၏၊ ထကြွဝီရိယ၊ ဥဋ္ဌာနဖြင့်၊ လုံ့လရှိမှ၊ ဥစ္စာရ၏။ မခွဲနှုတ်လျှာ၊ မှန်ကန်စွာလျှင်၊ သစ္စာတည်မှ၊ ကျော်စောရ၏။ ကိုယ်ကဥစ္စာ၊ စွန့်လွှတ်ကာလျှင်၊ မေတ္တာရှေး၍၊ ပေးကမ်းတတ်မှ၊ မိတ်ဆွေရ၏"**

- ဟူသော

မဃဒေဝလင်္ကာသစ်၌ ဘုရားဟောပါဠိတော်နှင့်အညီ မိန့်ဆိုထားသည့် အတိုင်း ပညာရှိထံနည်းနာခံပြီး အတတ်ပညာကိုသင်ယူရန်၊ စည်းစိမ်ချမ်းသာ ဥစ္စာများ ရရှိစေနိုင်ရန် ထကြွလုံ့လဝီရိယနှင့်ကြိုးစားလုပ်ဆောင်ရန်၊ ကောင်း သတင်းနှင့်ပြည့်စုံရေးအတွက် စကားကိုမှန်ကန်စွာပြောဆို၍ သစ္စာတည်ရန်၊ မိတ်ကောင်းဆွေကောင်းများ ရရှိစေနိုင်ရန် သူတစ်ပါးအပေါ်မေတ္တာထား၍ ပေးကမ်းစွန့်ကြဲရန်လိုအပ်ကြောင်းသိရှိပြီး မိမိတို့ဘဝ၌ ပြည့်ပြည့်စုံစုံ ချမ်းချမ်း သာသာနေနိုင်ရေးအတွက် ဤကမ္ဘာ့နှစ်သစ်မင်္ဂလာ အချိန်အခါမှစ၍ ဆောင်ရွက်ကြရန်တိုက်တွန်းနှိုးဆော်လျက် မြန်မာနိုင်ငံနှင့် ကမ္ဘာသူ ကမ္ဘာသား အားလုံး ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာစွာဖြင့် လိုရာဆန္ဒပြည့်ဝကြပါစေ ကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသတည်း။ ။

# နန္ဒာအောင်မြေကျောင်း ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တနိမလ (Ph.D Buddhism)၏ ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ



ယနေ့ဟာ တစ်ကမ္ဘာလုံး အများသုံး ဖြစ်သည့် ခရစ်နှစ် ၂၀၂၅ ခုနှစ်၏ နှစ်သစ်မင်္ဂလာ အခါသမယနေ့ဖြစ် သည်။ ယခု ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာ အခါသမယနေ့မှစ၍ မြန်မာနိုင်ငံရှိ ရဟန်းရှင်လူပြည်သူများ အပါအဝင် ကမ္ဘာသူ ကမ္ဘာသားအားလုံး ကျန်းမာ ချမ်းသာဘေးရန်ကွာ၍ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နှစ်သစ်ဖြစ်ပါစေ။

**ဗုဒ္ဓေါလောကေသမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ၊ ဧတေန သစ္စဝဇ္ဇေန သောတ္ထိ တေဟောတု သဗ္ဗဒါ -**

လောကတွင် အမြတ်ဆုံးဖြစ်သော ဘုရားမြတ်ရတနာသည် အားလုံးသော သတ္တဝါတို့၏ အကျိုးအစီးပွားအလို့ငှာ လောကတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာပါပေ၏။ ဤစကားသည် မှန်ကန်ပါ၏၊ ဤမှန်ကန်သောသစ္စာစကားကြောင့် ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ မြန်မာ နိုင်ငံသားများအားလုံး မေတ္တာပွား၍ သတ္တန္တရကပ်ဘေးမှ အခက်အခဲမရှိ အမြန်ဆုံး လွတ်မြောက်ကြပါစေကုန်သတည်း။

**ဓမ္မောလောကေသမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ၊ ဧတေန သစ္စဝဇ္ဇေန သောတ္ထိတေ ဟောတု သဗ္ဗဒါ -**


လောကတွင်အမြတ်ဆုံးဖြစ်သော တရားတော်မြတ်ရတနာသည် အားလုံးသော သတ္တဝါတို့၏ သုခချမ်းသာအလို့ငှာ လောကတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာပါ ပေ၏။ ဤစကားသည် မှန်ကန်ပါ၏၊ ဤမှန်ကန်သောသစ္စာစကားကြောင့် ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံး အလောဘတည်းဟူသော တရားကိုပွား၍ ဒုဗ္ဘိက္ခန္တရကပ်ဘေးမှအခက်အခဲမရှိ အမြန်ဆုံးလွတ်မြောက်ကြပါစေ ကုန်သတည်း။

**သံဃောလောကေသမုပ္ပန္နော အနုတ္တရံပုညက္ခေတ္တံ၊ ဧတေန သစ္စဝဇ္ဇေန သောတ္ထိတေ ဟောတု သဗ္ဗဒါ-**

လောကတွင် အမြတ်ဆုံးဖြစ်သော သံဃာတော်မြတ်ရတနာသည် အားလုံးသော သတ္တဝါတို့၏ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေအဖြစ် လောကတွင် ပွင့်ထွန်းပေါ် ပေါက်တော်မူလာပါပေ၏။ ဤစကားသည် မှန်ကန်ပါ၏၊ ဤမှန်ကန်သောသစ္စာ စကားကြောင့် ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံး အမောဟတည်းဟူသော တရားကိုပွား၍ ရောဂန္တရကပ်ဘေးမှ အခက်အခဲမရှိ အမြန်ဆုံးလွတ်မြောက်ကြပါစေကုန်သတည်း။

ဧတေန သစ္စဝဇ္ဇေန - ဤသို့မှန်စွာဆိုရသော သစ္စာစကားကြောင့် ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက်ကြီးပွားငြိမ်းချမ်းသာယာ ကြပါစေကုန်သတည်းဟူ၍ နှစ်သစ်မင်္ဂလာဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

# ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (အောင်ဆန်းဆရာတော်)၏ ၂၀၂၅ ခုနှစ် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ



ကမ္ဘာသုံးခရစ်နှစ် ၂၀၂၄ ခုနှစ်ကနေ ၂၀၂၅ ခုနှစ် နှစ်သစ်သို့ကူးပြောင်းသွားတဲ့ နှစ်သစ်မင်္ဂလာအချိန်အခါပဲ ဖြစ်ပါ တယ်။ နှစ်သစ်မင်္ဂလာအချိန်အခါမှာ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေ ကမ္ဘာသူ ကမ္ဘာသားအားလုံးသော ခုနစ် ရက်သားသမီး သူတော်ကောင်းအပေါင်း တို့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ စီးပွား ဥစ္စာရတနာတွေလည်း တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက်ကြီးပွားနိုင် ကြပါစေ။ သာသနာအကျိုး၊ ဘာသာ အကျိုး၊ သတ္တဝါအကျိုး၊ တိုင်းကျိုး ပြည်ကျိုး၊ ဆတက်ထမ်းပိုးဆောင်ရွက် နိုင်ကြတဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေ ဖြစ်ကြပြီး မကောင်းတဲ့စိတ်ကို ပယ်ဖျောက်ပြီး ကောင်းတဲ့စိတ်တွေ ရောက်၍ မကောင်းတာတွေဖျောက်ပြီး ကောင်းတာတွေ ရောက်ကြပါစေလို့ နှစ်သစ်မင်္ဂလာမှာ ရှေးဦးစွာ ဆုတောင်း မေတ္တာပို့ နှုတ်ခွန်းဆက်သလိုက်ပါ တယ်။

မြတ်စွာဘုရားဟောကြားတော်မူတဲ့ လူသားတိုင်း လူသားတိုင်းမှာ သူတော် ကောင်းတရားခုနစ်ပါးနဲ့ ပြည့်စုံနိုင်ကြ ပါစေ။ သူတော်ကောင်းတရားခုနစ်ပါးကို လူမျိုးဘာသာမရွေးအားလုံး စောင့်ထိန်း ရမှာ ဖြစ်ပါတယ်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဆိုတဲ့ သူတော် ကောင်းတရားခုနစ်ပါးကို မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေ၊ ကမ္ဘာသူ ကမ္ဘာသား တွေ၊ ခုနစ်ရက်သားသမီးတွေအားလုံး၊ လူသားတိုင်း စိတ်မှာကိန်းပြီး ချမ်းသာ ခြင်းကို ရကြပါစေ။ နှစ်ဟောင်းက မကောင်းတာတွေ ပယ်ဖျောက်ပြီး နှစ်သစ်မှာ ကောင်းကျိုးချမ်းသာတွေ ရအောင် သူတော်ကောင်းတရားတွေ ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပါစေလို့ ဆန္ဒပြုဆုတောင်းမေတ္တာပို့ပါတယ်။

သဒ္ဓါဆိုတာက ယုံကြည်မှုပါပဲ။ လူသားတွေ ကိုယ်ယုံကြည်ရာကို ကိုယ်လုပ်ကြတယ်။ ဒီတော့ သတ္တဝါ တိုင်းနဲ့ ဆိုင်တဲ့ကံဆိုတာရှိတယ်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ် မယ်၊ မကောင်းတာလုပ်ရင် မကောင်း တာဖြစ်မယ် ကာယကံပေါ့။ နှုတ်ကလည်း ကောင်းတာတွေပြောရင် ကောင်း တာတွေဖြစ်ကြမယ်၊ မကောင်းတာ တွေပြောရင် မကောင်းတာတွေဖြစ်ကြ မယ် ဝစီကံပေါ့။ စိတ်ကလည်း ကောင်း တာတွေကြံစည်ရင် ကောင်းတာတွေ ဖြစ်သလို မကောင်းတာတွေ ကြံစည်ရင် မကောင်းတဲ့ အကျိုးတွေဖြစ်ကြမယ်။ အဲဒါကြောင့် ကံနဲ့ကမ္မနိယာမသဘော တရားတွေအရ ဘုန်းကြီးတို့ အားလုံးကို ဆုတောင်းမေတ္တာပို့ပါတယ်။ မြန်မာ နိုင်ငံသူ မြန်မာနိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာ သားအားလုံး ခုနစ်ရက်သားသမီး သတ္တဝါတွေ ကောင်းတဲ့ကာယကံတွေနဲ့ ဆောင်ရွက်နိုင်ကြပါစေ၊ ကောင်းတဲ့ ဝစီကံနဲ့ ပြောဆိုနိုင်ကြပါစေ၊ ကောင်းတဲ့ မနောကံနဲ့ ကောင်းတဲ့အကြံအစည်တွေ ကို အမြဲတမ်းကြံစည်တွေးတောနိုင်ကြ ပါစေ၊ ကောင်းတဲ့မနောကံနဲ့ ကြံကြမယ် ကောင်းတဲ့ ဝစီကံနဲ့ပြောကြမယ်၊ ကောင်းတဲ့ကာယကံနဲ့ လုပ်ကြမယ် ဆိုရင် လောကကြီးတစ်ခုလုံးက ဘယ်တော့မှ ဆိုးကျိုးတွေမဖြစ်နိုင်ပါဘူး။ ကောင်းကျိုးတွေသာလျှင် ရရှိမှာဖြစ်ပါ တယ်။

ထို့အတူပဲ ကံနဲ့အကျိုးပေးဆိုတာ သတ္တဝါတွေကို ဘယ်သူမှ ကယ်လို့မရ ဘူး။ မိုးလင်းကနေ မိုးချုပ်အထိ ကိုယ့်မနောကံကို ပြန်စစ်ကြည့်စမ်းပါ၊ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပတ်သက် တဲ့ကံတွေမှာ မိမိရဲ့စိတ်ကဘယ်လောက် အထိ ကောင်းတာတွေကြံတယ်၊ တွေးတယ်၊ နှလုံးသွင်းတယ်ဆိုတာ မိမိကိုယ်အသိဆုံး မကောင်းတာတွေကို ကြံမယ်၊ တွေးမယ် နှလုံးသွင်းနေရင် မကောင်းတာတွေပဲရမယ်။ မကောင်းတဲ့ အကျိုးဆိုတာ ဘယ်တော့မှ ချမ်းသာမှု မရဘူး။ နှစ်ဟောင်းတွေကုန်ပြီး နှစ်သစ် ကို ကူးပြောင်းတဲ့အခါမှာ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားနဲ့တကွ ကမ္ဘာသူ ကမ္ဘာ သားအပေါင်းတို့ မကောင်းတဲ့အရာ မှန်သမျှ မကြံဖြစ်ကြပါစေနဲ့၊ မပြောဖြစ် ကြပါစေနဲ့၊ မလုပ်ဖြစ်ကြပါစေနဲ့လို့ ဆုတောင်းမေတ္တာပို့ပါတယ်။

သတ္တဝါတိုင်း သတ္တဝါတိုင်း လူ့ဘဝ ရဲ့တန်ကြေးက သည်းခံခြင်းနဲ့ ခွင့်လွှတ် ခြင်း ဖြစ်ပါတယ်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ပညာ၊ဟိရီ၊ဩတ္တပ္ပသူတော်ကောင်း တရားခုနစ်ပါးနဲ့ ပြည်စုံပြီး အစစ အရာရာ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းနှင့် အမြဲတမ်းနှလုံးသွင်းဆောင်ရွက်ကြမယ် ဆိုရင် ကိုယ့်ဘဝလည်း လူဖြစ်ရကျိုးနပ် ပြီး သံသရာမှာ အပါယ်တံခါးပိတ် သုဂတိနိဗ္ဗာန်ထိအောင် ကောင်းကျိုး ချမ်းသာရနိုင်တယ်ဆိုတာ ဗုဒ္ဓရဲ့လမ်းစဉ် အတိုင်း အားလုံးဆောင်ရွက်မယ်ဆိုရင် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်း သာတိုင်အောင် ကောင်းကျိုးချမ်းသာ ရနိုင်ပါတယ်ဆိုတာ အားလုံးယုံကြည် ကျင့်သုံးကြဖို့ တိုက်တွန်းရင် နှစ်ဟောင်း ကုန်ပျောက် နှစ်သစ်ရောက်တဲ့အခါမှာ လောကီ၊ လောကုတ္တရာနှစ်ဖြာသော ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်အပါယ် လေးဘုံက ကင်းလွတ်ပြီး လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာထက်ကင်း လွတ်သောနိဗ္ဗာန်ဆိုတဲ့ သန္တိသုခ၊ သဒ္ဓါ၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ ဒုက္ခကင်းကင်း နဲ့ နိဗ္ဗာန်တိုင်အောင် ကောင်းကျိုး ချမ်းသာကို ရရှိခံစားနိုင်ပါစေလို့ နှစ်ဟောင်းကုန်ပျောက် နှစ်သစ်ကူးတဲ့ အခါမှာ ဆုတောင်းမေတ္တာပို့သအပ်ပါ တယ်။

# နိုင်ငံတော်ဩဝါဒါစရိယ အဘိဇမဟာရဋ္ဌဂုရု သီတဂူဆရာတော် အရှင်ဉာဏိဿရ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ သီတဂူဆရာတော်ကြီး၏ နှစ်သစ်ကူးဩဝါဒကထာ

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကမ္ဘာလောကကြီးကို တစ်နေ့သုံးကြိမ် ကြည့်တော်မူတယ်။ ဘာကြောင့်ကြည့်သလဲဆိုရင် မြတ်စွာဘုရား၏ကျင့်စဉ်ကြီးသုံးရပ်ထဲမှာ ဗုဒ္ဓတ္ထစရိယ – ဘုရားဖြစ်အောင်ကျင့်ခြင်း၊ ဉာတတ္ထစရိယ – မိမိရဲ့ မိဘက်ဖဘက်၊ နှစ်ဖက်ကဆွေမျိုးတွေ ချမ်းသာအောင်ကျင့်ခြင်း၊ ဆွေမတော်မျိုးမတော်သော ပုဂ္ဂိုလ်တွေဘဝသံသရာတစ်လျှောက်လုံးမှာတော့ တော်ခဲ့ဖူးကြမှာပါ။ လောကတ္ထစရိယ – တစ်လောကလုံးရဲ့ အကျိုးစီးပွားအတွက် ကျင့်တော်မူခြင်းဆိုတဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရည်ရွယ်ချက်ကြီးသုံးပါးပေါ့။ ယနေ့ဆိုရင် “စရိယသုံးပါး”၊ “ကျင့်စဉ်ကြီးသုံးရပ်”ဆိုတာ ရှိပါတယ်။

အဲဒီကျင့်စဉ်ကြီးသုံးရပ်ထဲမှာ လောကတ္ထစရိယ–တစ်လောကလုံးရဲ့အကျိုးစီးပွားကို ကျင့်တော်မူသော မြတ်စွာဘုရားက မိမိကျင့်ဆောင်ပေးမယ့် အကျိုးဖြစ်အောင် ကျင့်ဆောင်ပေးမယ့်ကောင်းကျိုးဖြစ်အောင်ကျင့်ဆောင်ပေးမယ့် သတ္တလောကကြီးဟာ ဒီကနေ့ဘာဖြစ်နေလဲဆိုတာကို နေ့သုံးကြိမ်၊ ညသုံးကြိမ် မြတ်စွာဘုရားက ကြည့်တော်မူတယ်။

“သတ္တာ အတ္တနော သာဝကေ ရတ္တိယာ တယော ဝါရေ၊ ဒိဝသဿ တယော ဝါရေတိ ရတ္တိန္ဒိဝံ ဆ ဝါရေ ဩလောကေန္တော ....”လို့ အဋ္ဌကထာများကဆိုတယ်။ မြတ်စွာဘုရားက နေ့သုံးကြိမ်၊ ညဥ့်သုံးကြိမ် နေ့တိုင်းနေ့တိုင်း ခြောက်ကြိမ် သတ္တလောကကြီးကို ကြည့်တော်မူတယ်။ ဘယ်လိုကြည့်သလဲလို့ဆိုတော့ ကရုဏာသမာပတ်ဝင်စားပြီးတော့ ကြည့်တယ်။ ဈာန်သမာပတ်မဟုတ်ဘူး၊ ရူပါဝစရ အရူပါဝစရ သမာပတ်မဟုတ်ဘူး။ ကရုဏာသမာပတ်၊ ‘ကရုဏာ’ဆိုတာက ဒုက္ခဖြစ်နေတဲ့သတ္တဝါတွေရဲ့ ဒုက္ခကို ပယ်ဖျောက်ပေးလိုသော စိတ်ထား။ ဒီကနေ့ ကမ္ဘာလောကကြီးမှာဖြစ်နေတာ၊ နိုင်ငံတော်မှာဖြစ်နေတာက တစ်ယောက်ဒုက္ခကို တစ်ယောက်ပယ်ဖျောက်ပေးလိုသောစိတ်ထားတွေကင်းပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် ပိုဒုက္ခရောက်စေချင်တဲ့စိတ်တွေကများနေတယ်။

‘ကရုဏာ’ဆိုတာက သူတစ်ပါးဒုက္ခကိုပယ်ဖျောက်ပေးတယ်၊ ဘယ်လိုသူတစ်ပါးကိုပဲဖြစ်ဖြစ် ဆွေမျိုးတော်တော် မတော်တော် မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ‘စရိယသုံးပါး’အရ လောကတ္ထစရိယ တစ်လောကလုံးအကျိုးဖြစ်အောင် ဒုက္ခဖြစ်နေတဲ့ သတ္တဝါတွေ အဲဒီဒုက္ခမှ လွတ်မြောက်အောင် ငါဘယ်လိုလုပ်ပေးရမလဲ၊ ကရုဏာသမာပတ်ဝင်စားပြီးတော့ကြည့်တယ်။ မြတ်စွာဘုရား မဟုတ်ရင်တော့၊ ရဟန္တာမဟုတ်ရင်တော့ သတ္တလောကကမ္ဘာကြီးတစ်ခုလုံး ဒုက္ခဖြစ်နေပြီလို့မြင်ရင် စိတ်ဓာတ်တွေထိခိုက်တယ်၊ ကရုဏာဖွင့်ပြတဲ့ ကရုဏာအကြောင်းကို အကျယ်တဝင့်ဖွင့်ပြတဲ့ အဋ္ဌကထာကြီးတွေမှာ ပြောတယ်။ သူတစ်ပါးတွေ ဒုက္ခဖြစ်ကြပြီဆိုရင် ယုတ်မာတဲ့စိတ်ရှိတဲ့သူတွေကတော့ ဝမ်းမြောက်တယ်။ သူတော်ကောင်းစိတ်ရှိတဲ့ပုဂ္ဂိုလ်ကတော့ စိတ်ဓာတ်တွေတုန်လှုပ်ချောက်ချားပြီးတော့ သူတို့ဒုက္ခကို ငါဘယ်လိုဖယ်ရှားပေးရမလဲဆိုတဲ့ စိတ်ဓာတ်တွေ ဝင်လာတယ်။ အဲဒါ‘ကရုဏာ’၊ မြန်မာတွေပြောနေတဲ့ ‘သနားတယ်’ ဆိုတဲ့အဓိပ္ပာယ်ဟာ အဲဒါပဲ။ သူတော်ကောင်းတွေရဲ့စိတ်ဓာတ်တွေ တုန်လှုပ်လာပြီးတော့ သူတို့ရဲ့ဒုက္ခကို ဘယ်လိုပယ်ဖျောက်ပေးရမလဲဆိုတဲ့ စိတ်ဓာတ်တွေဝင်လာပြီ၊ ဒီကနေ့ အဲလိုစိတ်ဓာတ်မျိုးတွေဝင်လာဖို့ အရေးကြီးနေတာ။

ဒီကနေ့ မြန်မာနိုင်ငံတော် ကမ္ဘာတစ်ဝန်းလုံးမှာလည်း ဒီအတိုင်းပဲ၊ သူတို့ဟာနဲ့သူတို့ အသီးသီးရှိကြတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်က တစ်နေ့သုံးကြိမ် ကရုဏာသမာပတ်ဝင်စားပြီးတော့ လောကကြီး ကြည့်လိုက်တဲ့အခါမှာ အဋ္ဌကထာဋီကာတို့ မိန့်ဆိုချက်အရ တိုတိုချုံ့လိုက်ရင် သုံးမျိုးမြင်တတ်တယ်။ တစ်မျိုးက ကာမဂုဏ်စိတ်တွေ၊ ‘ကာမ’ဆိုတာက ယောကျ်ား၊ မိန်းမနှစ်ဦးသားတို့ရဲ့ အပြန်အလှန်ဖြစ်ကြတဲ့ စိတ်ဓာတ်တစ်ခုထဲကိုပဲ ‘ကာမ’လို ခေါ်လို့မရဘူး၊ အဲဒါကတော့ အဆိုးဆုံး ‘ကာမ’ ပေါ့၊ မျက်စိထဲမြင်တာတွေ အကုန်ကြိုက်၊ နားနဲ့ကြားတာတွေ အကုန်ကြိုက်၊ မကောင်းတဲ့ ရှုစရာတွေ အကုန်ကြိုက်၊ စားစရာ အကုန်ကြိုက်၊ ဝတ်စရာ အကုန်ကြိုက်၊ ဒီငါးမျိုးကို ‘ကာမ’ ခေါ်တယ်။ အဲဒီကာမဝတ္ထုတွေကိုရရှိဖို့ ဖောက်ဖောက်ပြန်ပြန် စိတ်ဓာတ်တွေဝင်စားတယ်။ တဏှာလောဘတွေ ဝင်စားပြီးတော့ ဖောက်ပြန်တဲ့စိတ်တွေနဲ့ ကာမဂုဏ်တွေကို လွန်ကျူးကုန်ကြတယ်။ ဥပမာ သူများပစ္စည်းခိုးသွားတယ်၊ ရွှေတွေ ဓားပြတိုက်သွားတယ်၊ စီးပွားရေးကျူးကျော်မှုတွေ ဖြစ်လာတယ်၊ ဈေးနှုန်းတွေမြင့်လာတယ်၊ ဒါတွေဟာ ကာမဂုဏ်မှာ ဖောက်ပြန်တဲ့စိတ်တွေပဲ။ ဈေးနှုန်းတွေမြင့်တယ်ဆိုတာ လောဘကြီးလာတာပဲ။ ‘ဘယ်သူပဲကုန်ကုန် ငါမြတ်ရင်ပြီးတာပဲ’ဆိုတဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ စိတ်ဓာတ်၊ ကာမဂုဏ်ငါးပါးအပေါ်မှာ ဖောက်ပြန်လွန်ကျူးကုန်ကြပြီလို့ မြတ်စွာဘုရားက မြင်လာရင် ဒကာ ဒကာမတွေကိုပဲဖြစ်ဖြစ်၊ သံဃာတော်တွေကိုပဲဖြစ်ဖြစ် ဆုံးမချက်တစ်ခုပေးတယ်။ ကာမဂုဏ်ဖောက်ပြန်လွန်ကျူးတဲ့စိတ်ဓာတ်တွေ လွန်ကဲလို့ ကမ္ဘာကြီးဒုက္ခဖြစ်နေတဲ့အချိန်မှာ ‘ဒိဗ္ဗဝိဟာရ’နဲ့ နေကြတဲ့။ နေနည်းပေးသွားတယ်။ မနေတတ်ရင် ဟိုထဲပါ ဒီအထဲပါနဲ့ အကုန်လုံးဒုက္ခဖြစ်ရတယ်။ ‘ဒိဗ္ဗဝိဟာရ’ ဆိုတာ တည့်တည့်ပြောရင် သမာဓိထူထောင်ပြီးတော့ စိတ်ဓာတ်ခိုင်ခိုင်ခံ့ခံ့နဲ့နေကြ။

ဥပမာဆိုပါစို့၊ အာဏာပါဝါတွေ ဒီအတိုးအဆုတ်ကိစ္စတွေမှာလည်းပဲ စိတ်ဓာတ်ခိုင်ခိုင်ထားပြီးတော့ နေနိုင်မှ၊ မဟုတ်ရင် ရာထူးအာဏာပါဝါကြောင့်လည်းဒုက္ခဖြစ်တတ်တယ်။ စီးပွားရေးနဲ့ပတ်သက်လာရင် လောဘကိုထိန်းနိုင်မှ၊ မထိန်းနိုင်ရင်လည်း ဒုက္ခဖြစ်တတ်တယ်။ အဲ့ဒါကြောင့် ကာမဂုဏ်တွေ ဖောက်ပြန် တဏှာလောဘတွေလွန်ကဲလို့ နိုင်ငံရေးဖောက်ပြန်မှု၊ အာဏာပါဝါ ဖောက်ပြန်မှု၊ စီးပွားရေးဖောက်ပြန်မှုတွေ ဖြစ်လာတဲ့အခါမှာ သမာဓိခိုင်ခိုင်ထား စိတ်ဓာတ်ကြံ့ကြံ့ခိုင်ခိုင်နဲ့နေကြ၊ သမာဓိထူထောင်ပြီးတော့နေကြလို့ ကောင်းလွန်းလို့လည်း မတက်ကြွနဲ့၊ မြင့်လွန်းလို့လည်း ဝမ်းမမြောက်နဲ့၊ ဆိုးလွန်းလို့လည်း စိတ်မပျက်နဲ့၊ အကောင်းဆုံးအခြေအနေနဲ့ အဆိုးဆုံးအခြေအနေ နှစ်ခုကြားမှာ Balance ဖြစ်အောင်စိတ်ဓာတ်ကို ထိန်းပြီးတော့ နေရမယ်။ သမာဓိမရှိရင်မနေနိုင်ဘူး။ အဲဒီတော့ သမာဓိထူထောင်ပြီးတော့နေကြတဲ့။ ကာမတဏှာ လွန်ကဲတဲ့အချိန်မှာ သမာဓိထူတောင်ပြီးတော့ နေကြလို့ ဘုရင်ကြီးတစ်ပါးကို ဟောပေးတယ်။

စကြဝတေးမင်းကြီးများဆိုရင်တော့ တစ်ကမ္ဘာလုံးအုပ်စိုးနိုင်တယ်ဆိုတာ ပါဠိတော်တွေမှာ လာတယ်။ စကြဝတေးကလာလို့ ဒေဝရာဇာဆိုတာလည်းနတ်မင်းတွေ၊ ဥပမာအားဖြင့် အသုရာနတ်မင်းကြီးနဲ့ ‘မာဃ’ခေါ်တဲ့ သိကြားမင်းကြီးနဲ့ သခွတ်ပွင့်တိုင်း၊ လက်ပံပွင့်တိုင်း ထထစစ်တိုက်ကြတယ်။ အဲဒါ ‘ဣဿရိယ’တွေပဲ၊ ‘မေရု’ဆိုတဲ့ မြင်းမိုရ်တောင်ထိပ်မှာ မင်းလုပ်ချင်ကြတယ်။ ဗြဟ္မာတွေကတော့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဒီတရားလေးပါး



တစ်ပါးပါးပွားပြီးတော့နေကြတာမို့လို့ ဗြဟ္မာတွေမှာ စစ်ဖြစ်တာမရှိဘူး။ နတ်တွေကျတော့ ကာမနဲ့ ကာမဂုဏ်ရဲ့ အထွတ်အထိပ်ကို ရောက်ချင်တဲ့အတွက် ကာမဂုဏ်ခံစားပြီးတော့နေကြတဲ့ သတ္တဝါမျိုးဖြစ်လို့ ကာမဂုဏ်ကိစ္စမှာ သူတို့ကတော့ ခဏခဏ စစ်ဖြစ်တယ်။ နတ်တွေအမြင့်ဆုံးနေရာမှာ မင်းလုပ်ဖို့ အာဏာလုတဲ့စစ်ပွဲကြီး၊ အသုရာတွေနဲ့ တာဝတိံသာ နတ်တွေ စစ်ဖြစ်ကြသလိုပဲ လူ့ပြည်မှာလည်းပဲ ဒီအာဏာတန်ခိုးနဲ့ အဆိုးဘက်ကဖြေရှင်းလာတယ်။ အာဏာပါဝါအတွက် လုကြတဲ့စစ်ပွဲတွေ ကမ္ဘာကြီးမှာဖြစ်နေပြီဆိုရင် အဲဒါကို မြင်တော်မူသော မြတ်စွာဘုရားက သံဃာတော်တွေကို ချက်ချင်းအစည်းအဝေးခေါ်ပြီးတော့ “လူ့လောကကြီးမှာတော့ အာဏာရဖို့အတွက် စစ်ပွဲတွေဖြစ်ကုန်ပြီ၊ မင်းတို့တစ်တွေကရုဏာဝိဟာရနဲ့နေကြ၊ ဗြဟ္မဝိဟာရနဲ့နေကြ။”လို့ ဒီလိုမိန့်တယ်။ ကာမဂုဏ်လွန်ကဲတဲ့ခေတ်မှာ သမာဓိနဲ့နေ၊ အာဏာတွေဖောက်ပြန်နေတဲ့၊ စစ်ပွဲဖြစ်နေတဲ့ ကာလမှာ မြတ်စွာဘုရားက ဗြဟ္မဝိဟာရနဲ့နေတတ်ဖို့၊ အဲဒီဗြဟ္မဝိဟာရလေးပါးထဲက အဓိကကျတဲ့ မေတ္တာနဲ့နေကြ၊ မေတ္တာဟာ ဘာလုပ်တာလဲဆိုရင် မုန်းတီးခြင်းနဲ့ စိတ်ဆိုးခြင်း၊ စိတ်တိုခြင်းကို ထိန်းတဲ့အကျင့်ပေါ့။ ဒါသူတော်ကောင်း သူတော်မြတ်တို့ရဲ့ နေခြင်း၊ မုန်းတီးခြင်း၊ စိတ်တိုခြင်းနဲ့ စိတ်ဆိုးခြင်းတို့ကို ထိန်းတဲ့အကျင့်ဟာ သူတော်ကောင်း သူတော်သူမြတ်တို့ရဲ့နေခြင်းကို ‘ဗြဟ္မဝိဟာရ’ လို့ ခေါ်တယ်။

သံဃာတော်အရှင်မြတ်တွေကို ဗြဟ္မဝိဟာရနဲ့နေကြ၊ လောကမှာရှိတဲ့လူတွေကိုလည်း သာဝတ္ထိမှာနေနေ၊ ဇေတဝန်မှာနေနေ၊ ရောက်တဲ့နေရာတိုင်းမှာ မြတ်စွာဘုရားက ဒါကိုပဲမိန့်တယ်။ ကောသလမင်းကြီးကိုလည်း ဒီလိုပဲမိန့်တယ်၊ မဂဓမင်းတွေကိုလည်း ဒီလိုပဲ မိန့်တယ်၊ ဝေသာလီက လိစ္ဆဝီတွေကိုလည်း ဒီလိုပဲမိန့်တယ်၊ ဆွေမျိုးတွေဖြစ်တဲ့ သာကီဝင်တွေ၊ ကောလိယဝင်တွေကိုလည်းပဲ မင်းတို့ဆွေမျိုးအချင်းချင်း ရန်မဖြစ်ကြနဲ့၊ ဗြဟ္မဝိဟာရတရားပွားပြီးတော့နေကြတဲ့။ ‘ဗြဟ္မဝိဟာရ’ဆိုတာ သူတစ်ပါးကောင်းကျိုးလိုလားတဲ့ စိတ်ဓာတ်၊ သူတစ်ပါးကောင်းကျိုးလိုလားတဲ့ စိတ်ဓာတ်ဟာ မေတ္တာပဲ။

သာကီဝင်နဲ့ ကောလိယဝင်တွေ ‘ရောဟိနီ’က ရေလုတဲ့စစ်ပွဲမှာ မြတ်စွာဘုရားမိန့်သွားတဲ့ စကားရပ်တွေ အများကြီးထဲက သုတ္တန်ခြောက်ခု၊ အဲဒီသုတ္တန်ထဲက ဓာတ်တော်တွေ စုစုပေါင်းခြောက်ခု အဲဒီမှာဟောတယ်။ အဲဒီထဲက စကားလုံးလေးတစ်လုံး ဘယ်လောက်ကောင်းသလဲဆိုရင် “ရန်ပြုလာတဲ့ပုဂ္ဂိုလ်တွေကို ရန်တုံ့မပြန်ဘဲနေနိုင်ရင် ချမ်းသာစွာနေရမယ်။ တစ်ကမ္ဘာလုံးရန်ဖြစ်နေရင် ရန်ဖြစ်တဲ့အထဲမပါပဲနေနိုင်ရင် ချမ်းသာစွာနေရမယ်။” ဒါ ‘ရောဟိနီ’ ရေလုတဲ့စစ်ပွဲမှာ မြတ်စွာဘုရားမိန့်တော်မူတဲ့စကား။

ရောဟိနီမြစ်အရှေ့ဘက်ခြမ်းကို ကောလိယတိုင်းခေါ်တယ်။ အနောက်ဘက်ခြမ်းကို သာကီယတိုင်း၊ ကျွန်းတောရှင်းပြီးတော့ ရွှေနန်းတော်ဆောက်ပြီး နိုင်ငံတည်ထားတယ်၊ သူတို့အားလုံးဟာ ညီအစ်ကိုမောင်နှမအချင်းချင်းတွေပဲ။ ဒါပေမဲ့ အမြင်က ကျဉ်းမြောင်းလာတယ်၊ ရောဟိနီမြစ်ထဲက ရေကို ငါသာလျှင် ရချင်တယ်ဆိုတဲ့စိတ်ဓာတ်က ဒီနှစ်နိုင်ငံသားတွေကြားမှာ ဝင်လာတယ်၊ သူတို့ မရစေချင်ဘူး မြန်မာလိုပြောရင်တော့ ‘ဣဿာ’တရားက လူသားတွေရဲ့အဆိပ်၊ အဆိပ်သင့်ပြီဆိုရင်တော့ သေဖို့သာပြင်ထား။

ဒီကနေ့ကမ္ဘာကြီးကိုကြည့်လိုက်ရင် အဆိပ်သင့်တယ်၊ ‘ဣဿာ’ဆိုတာ သူတစ်ပါးတို့ရဲ့ တိုးတက်အောင်မြင်ခြင်းတွေကို လက်မခံနိုင်ဘူး။ ‘မစ္ဆရိယ’ဆိုတာ ငါသာလျှင်အမြတ်ရချင်တယ်၊ ဣဿာ၊ မစ္ဆရိယဆိုတာ လောကကြီးရဲ့အဆိပ်၊ အဲဒီအဆိပ်ကို ဖြေဖို့ စိတ်ဖြေဆေးကတော့ ‘ဗြဟ္မဝိဟာရ’ပဲ ဖြစ်ပါတယ်။ ကမ္ဘာကြီး ဣဿာ၊ မစ္ဆရိယတွေဝင်ပြီးတော့ သတ်ကြဖြတ်ကြတယ်၊ အဆိပ်သင့်တာကိုမြင်တော်မူသောမြတ်စွာဘုရားက သံဃာအစည်းအဝေး ချက်ချင်းခေါ်ပြီးတော့ ဗြဟ္မာဝိဟာရတရား လက်ကိုင်ထား မေတ္တာပွားကြတဲ့၊ ကရုဏာပွားကြ၊ ‘မေတ္တာ’ဆိုတာက ဒေါသကိုထိန်းချုပ်တယ်၊ ကရုဏာဆိုတာက ဒုက္ခရောက်တဲ့ပုဂ္ဂိုလ်တွေကို စောင့်ရှောက်အကူအညီပေးတယ်၊ ပိုပြီးတော့ ဒုက္ခဖြစ်အောင်မလုပ်ဘူး။ ဒေါသကိုထိန်းနိုင်ရင် ဘယ်သူမှဒုက္ခမဖြစ်ဘူး။ အဲဒါကြောင့် ကမ္ဘာလောကကြီး ဣဿာ၊ မစ္ဆရိယအဆိပ်သင့်လို့ ဒေါသအာဃာတတွေလွန်ကဲနေပြီ၊ သတ်ဖြတ်နှိပ်စက်နေတာကို မြင်တော်မူသော မြတ်စွာဘုရားက ဗြဟ္မဝိဟာရနဲ့နေကြ၊ မွန်မွန်မြတ်မြတ် သူတော်သူမြတ်တွေ နေသလို မေတ္တာ၊ ကရုဏာပွားပြီးတော့နေကြလို့ ဒုတိယနေနည်း မိန့်တော်မူတယ်။ “နေနည်းနှစ်ပါး” ရပါတယ်။

ပထမပြောသွားတာက ကာမဂုဏ်တွေ လွန်ကဲတဲ့ခေတ်၊ တည့်တည့်ပြောရရင် စီးပွားရေးတွေ အလွန်သောင်းကျန်းတဲ့ခေတ်၊ အာဏာပါဝါတွေရဲ့ ကိစ္စတွေ အလွန်သောင်းကျန်းပြီး လောဘတွေ သောင်းကျန်းနေတဲ့ခေတ်ကြီးမှာ သမာဓိခိုင်ခိုင်ထားပြီးနေကြ၊ ဒါကို ‘ဗြဟ္မဝိဟာရ’လို့ ခေါ်တယ်။

နောက်တစ်ခုကတော့ ဣဿာ၊ မစ္ဆရိယလို့ခေါ်တဲ့အဆိပ်တွေသင့်ပြီးတော့ သတ်ကြ ဖြတ်ကြတယ်၊ လုကြ ယက်ကြတယ်၊ ဒေါသတွေ လွန်ကဲပြီးတော့ ကမ္ဘာလောကကြီး သတ္တဝါတွေ အသေအပျောက်များပြီးဆိုရင် မေတ္တာ၊ ကရုဏာနဲ့နေကြ၊ ဗြဟ္မဝိဟာရနဲ့နေကြ။ သံဃာတော်တွေကလည်း မြတ်စွာဘုရားရဲ့ထံမှာ ထောင်သောင်းချီပြီးတော့ ရှိကြတော့ အစုလိုက်အပြုံလိုက် ရဟန္တာကြီးတွေ မေတ္တာပွားကြတော့ ဒီလိုစစ်ပွဲတွေဟာ ငြိမ်သွားကြတယ်။

နောက်တတိယအချက်ကတော့ ‘ဣဿရိယ’၊ အာဏာရဖို့ရန်အတွက် ဖောက်ပြန်စွာ ကျင့်ရတယ်ဆိုရင် ဘာသာရေးငြင်းခုံမှုကို ပြောတယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ လက်ထက်တော်ကာလမှာ ဆဗ္ဗဂီဆိုတဲ့ သံဃာတော်တွေရှိကြတယ်။

စာမျက်နှာ ၆ သို့ ★

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၏ နှစ်သစ်ကူး ဩဝါဒကထာ

နိုင်ငံတကာ နှစ်သစ်ကူးအခါသမယမှာ ဗုဒ္ဓဘာသာဝင်၊ ဘုရားသားတော်တစ်ပါးအနေနဲ့ ပြောရရင် "သဗ္ဗေသတ္တာ ကမ္မဿကာ" စကားကို ပြောချင်ပါတယ်။

သတ္တဝါတိုင်း သတ္တဝါတိုင်းကိုယ်ပြုတဲ့ကံအပေါ် မူတည်ပြီး ဖြစ်နေကြတယ်။ ကောင်းတဲ့သူဖြစ်လာတာလည်းပဲ ကံကောင်းခဲ့ကြလို့၊ မကောင်းတဲ့သူဖြစ်နေရတာကလည်း ကံမကောင်းခဲ့ကြလို့။

ကံဆိုတာ ဘေးကနေ တစ်ဦးတစ်ယောက်က ဖန်ဆင်းလုပ်ဆောင်ပေးနေတာမျိုးကို ကံလို့ မခေါ်ပါဘူး။ ကိုယ်လုပ်တဲ့အလုပ်ကသာ ကိုယ့်ကံ၊ ကိုယ်ပြောတဲ့အပြောကသာ ကိုယ့်ကံ၊ ကိုယ်စိတ်ကူးတဲ့ စိတ်ကူးကသာ ကိုယ့်ကံပါ။

ကိုယ့်အလုပ်၊ ကိုယ့်အပြော၊ ကိုယ့်စိတ်ကူးတွေက ကောင်းနေသမျှ ကာလပါတ်လုံး အဲဒီလူ ကံကောင်းနေပါတယ်။ တစ်ကယ်လို့များ အခန့်မသင့်လို့ ကိုယ့်အလုပ်တွေက ဆိုးသွားမယ်၊ ကိုယ့်အပြောတွေက ဆိုးသွားမယ်၊ ကိုယ့်စိတ်ကူးတွေက ဆိုးသွားမယ်ဆိုရင် အဲဒီလူ ကံဆိုးတော့တာပဲ။

ကံကောင်းရင် ရလာတဲ့ အကျိုးပေး၊ ကြုံရတဲ့ အခြေအနေတွေက ကောင်းသလို ကံဆိုးရင်တော့လည်း ရလာတဲ့ အခြေအနေကြုံရတဲ့ရလဒ်တွေက ဆိုးတော့တာပါပဲ။

နှစ်သစ်ကူးတဲ့ အခုလို အခါသမယမှာ နှစ်သစ်ကူးအခါကစပြီး တို့အလုပ်တွေကို ကောင်းသည်ထက်ကောင်းအောင် ကြိုးစားရမှာပါလား။ မကောင်းသေးရင် ကောင်းအောင်၊ ကောင်းရင်လည်း ကောင်းသည်ထက်ကောင်းအောင်၊ ကိုယ့်အတွက် ကောင်းတဲ့အပြင် အများအတွက်ကိုပါ ကောင်းအောင်



ကြိုးစားရမှာပါလား။ အဲဒီလိုပဲ ကိုယ့်အပြောတွေ မကောင်းသေးရင် ကောင်းအောင်၊ ကောင်းနေရင်လည်း ကောင်းသည်ထက်ကောင်းအောင်၊ ကိုယ့်အတွက် ကောင်းသည်ထက်ကောင်းအောင် လုပ်ရုံတင်မကဘဲ ပြောရုံတင်မကဘဲနဲ့ အများအတွက်ပါ ကောင်းသည်ထက်ကောင်းအောင် ပြောရမှာပါလား။ အဲဒီလိုပဲ ကိုယ့်အတွေးအကြံတွေက မကောင်းသေးရင် ကောင်းအောင်၊ ကောင်းနေရင်လည်း ကောင်းသည်ထက်ကောင်းအောင် ကိုယ့်အတွက်တော့ ကောင်းသည်ထက်ကောင်းတယ်ဆိုရုံနဲ့ မပြီးသေးဘဲနဲ့ ကိုယ့်အတွက်ရော အများအတွက်ပါ ကောင်းသည်ထက်ကောင်းအောင် စိတ်ကူးကြံစည်ပေးရမှာပဲ။

များသောအားဖြင့်ကတော့ စိတ်ကူးကြံစည်တဲ့အပေါ်မှာ မူတည်ပြီး လိုက်ပြောကြတယ်။ စိတ်ကူးကြံစည်တဲ့ အတွေးအပေါ်မှာမူတည်ပြီး လိုက်လုပ်ကြတယ်၊ တစ်ဆင့်ပြန်ပြောရင် အဲသလိုပြောရင်းပြောရင်းနဲ့ ကောင်းတာလုပ်ရင် ကောင်းတာပြောရင်းနဲ့ အကျင့်တွေပါပြီး အတွေးတွေကပါ သိသိသာသာလိုက်ကောင်းတော့တာပါပဲ။ မကောင်းတာတွေကို များလုပ်မိလို့အကျင့်ပါရင်၊မကောင်းတာတွေကိုများ ပြောမိလို့ အကျင့်ပါရင် မကောင်းတဲ့အတွေးတွေကလည်းပဲ ဆက်ကာဆက်ကာ အကျိုးရလဒ်အနေနဲ့ ပေါ်လာပြီးတော့ မကောင်းတာတွေ ဆက်တိုက်လည်ကုန်တော့တာပဲ။

ဒ့ါကြောင့် နှစ်သစ်ကူးအခါသမယမှာ -

"သဗ္ဗေသတ္တာ ကမ္မဿကာ" ကိုယ့်အပေါ် ကိုယ်မူတည်ပါတယ်။ သတ္တဝါတွေကို မေတ္တာပို့ပါတယ်။ တစ်နိုင်ငံလုံးကို မေတ္တာပို့ပါတယ်။ တိုင်းပြည်ကြီးတစ်ခုလုံးကို မေတ္တာပို့ပါတယ်။ တစ်ကမ္ဘာလုံးကို မေတ္တာပို့ပါတယ်။ စကြဝဠာစွမ်းနိုင်တဲ့အထိ ရောက်သလောက် သတ္တဝါတွေအားလုံးအပေါ် မေတ္တာထားတယ်၊ မေတ္တာပို့တယ်။

အဲဒီမေတ္တာထားတဲ့စိတ်ဓာတ်က ကရုဏာသနားတတ်ရာကနေဖြစ်လာ၊ မေတ္တာထားတဲ့စိတ်ဓာတ်က ဝမ်းသာတတ်တဲ့ မုဒိတာကဖြစ်လာ၊ မေတ္တာထားတဲ့စိတ်ဓာတ်ဟာ ကိုယ့်အလုပ်ကိုယ့်တာဝန်ကို ကိုယ်လုပ်ပြီးတော့ သတ္တဝါတွေက ကိုယ့်ကံနဲ့ကိုယ်ဆိုသော်လည်းပဲ ကိုယ့်ဘက်က မေတ္တာထားရမှာ၊ မေတ္တာပေးရမှာဆိုပြီး ဒီလိုနှလုံးသွင်းပြီး မေတ္တာပို့၊ ဥပေက္ခာဆိုတဲ့ အခြေခံကနေဖြစ်လာပါတယ်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာလို့ ဒီတရားလေးမျိုးရှိရင် အဲဒီပုဂ္ဂိုလ်အတွက် ကောင်းတာတွေတွေး၊ ကောင်းတာတွေပြော၊ ကောင်းတာတွေလုပ်သလို သူ့ပတ်ဝန်းကျင်ကိုလည်းပဲ ကောင်းတာတွေတွေး၊ ကောင်းတာတွေပြော၊ ကောင်းတာတွေလုပ်ဖို့ရာအတွက် အထောက်အပံ့တွေ ဖြစ်တော့တာပါပဲ။ အထောက်အကူတွေ ဖြစ်တော့တာပါပဲ။

မေတ္တာပေးရင် လက်ခံတဲ့သူတွေက ရတော့တာပေါ့။ ကရုဏာပေးရင် လက်ခံတဲ့လူတွေက ရတော့တာပေါ့၊ မုဒိတာပေးရင် လက်ခံတဲ့သူတွေက ရတော့တာပေါ့၊ ဒီမေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဒီတရားတွေက လေးနက်မြင့်မြတ်တဲ့အကျင့်ကျင့်တဲ့သူတွေအတွက် လက်ကိုင်ထားရတဲ့တရား၊ လောကကြီးကို စောင့်ရှောက်တဲ့တရား၊လောကကြီးကို ငြိမ်းအေးအောင် လုပ်ပေးနိုင်တဲ့တရား။

ဒါကြောင့်မို့ "သဗ္ဗေသတ္တာကမ္မဿကာ"ကိုယ်ကံတွေကို ကိုယ်ကကောင်းအောင်လုပ်ကြ၊ ပြောကြ၊ ကြံစည်ကြဖို့ မေတ္တာတွေ၊ ကရုဏာတွေ၊ မုဒိတာတွေ၊ ဥပေက္ခာ ဒီတရားတွေကို လက်ကိုင်ထားပြီး နှစ်သစ်ကူးအခါသမယမှာ စွမ်းအားရှိသမျှနေထိုင်ကြပြီး တစ်ဦးတစ်ယောက်တည်းမကဘဲ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးအေးချမ်းအောင် အထောက်အကူပြုတဲ့လုပ်ငန်းတွေ ဆောင်ရွက်ရင်းနဲ့ သတ္တဝါတွေအားလုံးကလည်း ကောင်းတဲ့ကံတွေပြု၊ ပြော၊ ကြံစည်ရင်းဖြင့် အားလုံးကိုယ်ကျန်းမာ၊ စိတ်ချမ်းသာတွေဖြစ်ပြီး အနှောင့်အယှက်ခပ်သိမ်းကင်းငြိမ်းတဲ့ဘဝကြီးကိုတည်ဆောက်နိုင်ကြတဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန်သတည်း။

★ စာမျက်နှာ ၅ မှ

'ဆဗ္ဗဂ္ဂီ'ဆိုတဲ့စကားလုံးကြားလိုက်ရင် ဘုန်းကြီးတို့ ပရိသတ်နားထဲမှာမရှင်းပါဘူး။ 'ပဥ္စဝဂ္ဂီ'နဲ့ ခပ်ဆင်ဆင်ပဲ၊ အကျင့်ကတော့ ဆီနဲ့ ရေလိုပဲ၊ 'ပဥ္စဝဂ္ဂီ'က သူတော်ကောင်းတွေ၊ ဆဗ္ဗဂ္ဂီကလည်း သမိုင်းဝင်ပဲ။ အကောင်းဘက်က သမိုင်းဝင်တာ 'ပဥ္စဝဂ္ဂီ'၊ ပဥ္စဝဂ္ဂီတို့ကို မြတ်စွာဘုရားက စပြောတာက "အစွန်းနှစ်ဖက်လွတ်အောင်ရှောင်ကြ၊ အစွန်းရောက်ရင် အဆိပ်သင့်လိမ့်မယ်၊ ဒီကနေ့ကြည့်ရင် တဏှာလောဘအစွန်းရောက်တော့ စီးပွားရေးအဆိပ်သင့်တယ်။ ဒေါသအစွန်းရောက်တော့ နိုင်ငံရေးအဆိပ်သင့်တယ်။ အဲဒါကြောင့်မို့ လုံးဝအစွန်းမရောက်စေနဲ့။'မဇ္ဈိမပဋိပဒါ' အလယ်အလတ်လမ်းကသွား၊ ကာယကံထိန်း၊ မလွန်ကျူးမိစေနဲ့။ 'ဝစီကံ' ပါးစပ်ပေါက်ထိန်း၊ မလွန်ကျူးမိစေနဲ့။ 'မနောကံ' စိတ်ထိန်း၊ မလွန်ကျူးမိစေနဲ့။ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးထိန်းနိုင်ခြင်းဟာ 'မဇ္ဈိမပဋိပဒါ'ပဲ။ မဂ္ဂင်ရှစ်ပါး ဆိုတာဒါပဲ။

'ဆဗ္ဗဂ္ဂီ'ဆိုတဲ့ပုဂ္ဂိုလ်တွေက ခြောက်ပါးအုပ်စု၊ သာသနာမှာ မကောင်းတာမှန်သမျှ သူတို့လုပ်ဖို့ရန် လွယ်လွယ်လေးပဲ။ နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ် သိက္ခာပုဒ်တွေထဲမှာ သိက္ခာပုဒ်တစ်ဝက်လောက်က သူတို့လွန်ကျူးသွားတာ။ အဲဒါကြောင့် သိက္ခာပုဒ်တွေ များများလာတာဟာ လွန်ကျူးတဲ့ပုဂ္ဂိုလ်တွေ များများလာလို့။ ကြည့်လိုက်ရင် ခြောက်ပါးအုပ်စုရဲ့ လွန်ကျူးမှုတွေကြောင့် မြတ်စွာဘုရား ပညတ်ရတယ်။ လောကကြီးမှာလည်း အုပ်စုတွေ ဒီလိုပဲ ဖွဲ့နေကြတယ်။ နိုင်ငံရေးပါတီတွေကြည့်လိုက်ရင် မရေမတွက်နိုင်ဘူး။ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ နိုင်ငံရေးပါတီတွေဟာ အစုလိုက် အစုလိုက် 'ဝဂ္ဂီ' တွေပဲ။ အဲဒီလိုအုပ်စုတွေဖွဲ့ပြီးတော့ ကမ္ဘာလောကကြီးမှာ လွန်ကျူးကုန်ကြတာ၊ အာဏာပါဝါအတွက် လွန်ကျူးကြတာ။ အဲဒီလို ကာမဂုဏ်လွန်ကဲတဲ့ခေတ်မှာ သမာဓိနဲ့နေ၊ စိတ်ဓာတ်ခိုင်မာမှ ကာမဂုဏ်ရဲ့ ရိုက်ခတ်ခြင်းကိုခံနိုင်မယ်။ အာဏာပါဝါအတွက် 'ဣဿာ၊ မစ္ဆရိယ'ဆိုတဲ့ အဆိပ်တွေ သင့်ပြီဆိုလို့ရှိရင် မေတ္တာနဲ့နေ၊ ကရုဏာနဲ့နေ။ အခု တတိယပြောတာက ဘာသာရေး ရဟန်းတွေထဲမှာ ဓမ္မ၊ အဓမ္မ ငြင်းခုံကြပြီ၊ ဒေဝဒတ်ကလည်း ဘုရားသတ်ဖို့အထိ ကြံတာကို အကုန်လုံးသိပြီးသား။ သူ့မှာလည်း နောက်လိုက်တပည့်ငါးရာရှိတယ်။ သတ်ဖို့အထိ ကြံတာမဟုတ်ဘူး။ မဟုတ်တာလုပ်ဖို့ရာ အဖွဲ့ကလည်း ခြောက်ပါးရှိတယ်။ အဲဒါကြောင့် ပထမ သင်္ဂါယနာတင်တော့ ရာဇဂြိုဟ်မှာ လက်ရွေးစင် သံဃာငါးရာပဲ ဝါကပ်ရမယ်၊ အခြားသံဃာတွေ မကပ်ရဘူးဆိုပြီး မင်းအာဏာနဲ့သုံး၊ ကမ္မဝါဖတ်ပြီး အကုန်ဖယ်ထုတ်ယူရတယ်။ အဲဒါကြောင့် ပထမ သင်္ဂါယနာတင်ပွဲမှာ အနှောင့်အယှက်ကင်းကင်းနဲ့ ထေရဝါဒသံဃာငါးရာ စနစ်တကျအောင်မြင်တဲ့ ပထမသင်္ဂါယနာပွဲကြီးကို တင်နိုင်ခဲ့တယ်။

မြတ်စွာဘုရားရဲ့စကားအစစ်တွေကို အကုန်လုံး စုစည်းရွေးချယ်ပြီးတော့ သဘောတူညီချက်ယူခဲ့တာ။ သဘောတူအတည်ပြုရင် ရွတ်ပြဆိုပြီးတော့ သံဃာငါးရာဝိုင်းရွတ်တာ၊ ဒါကို 'သင်္ဂါယနာ'ခေါ်တယ်။ 'သင်္ဂါယနာ'ဆိုတာ စုပေါင်းရွတ်တာ၊ ဘုရားစကားတွေ အကုန်အတည်ဖြစ်တာ အဲ့ဒါ "ထေရဝါဒ"ပဲ။

ဒါပေမယ့် အဲဒီ 'ထေရဝါဒ' ပိဋကတ်တွေဟာ နှစ်တစ်ရာပဲခံတယ်။ ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့နောက် နှစ်နှစ်ရာမြောက်တော့ ဝေသာလီမှာပေါ်လာပြီ၊ ထေရဝါဒပိဋကတ်ဆိုတာ တကယ်အကုန်လုံး မှန်တာမဟုတ်ဘူး။ ဟိုဟာပြင်မယ်၊ ဒီဟာပြောင်းမယ်၊ ဖြုတ်မယ်၊ ထုတ်မယ်၊ ဒီလိုတွေဖြစ်လာပြီ။ သိက္ခာပုဒ်အငယ်စားတွေကို ထုတ်ပစ်မယ်၊ အဘိဓမ္မာသမားတွေကလည်း ပြင်မှကောင်းမယ် ဆိုပြီး ထေရဝါဒဂိုဏ်းထဲမှာဖြစ်လာတာ။ ဒါပေမယ့် အဲ့ဒီပုဂ္ဂိုလ်တွေဟာဆိုရင် အစဉ်အဆက်ပြန့်ပွားလာတဲ့ ဒေဝဒတ်ရဲ့တပည့်ဟောင်းတွေပဲဖြစ်တယ်။ ဝေသာလီမှာ မူလဗုဒ္ဓဝါဒကို ဆက်လက်ပြီး မူရင်းအတိုင်းထိန်းသွားမယ့်ဂိုဏ်းက 'ထေရဝါဒ'ဂိုဏ်း၊ ပြန်လည် ပြင်ဆင်ရေးဝါဒကို ကြိုက်တဲ့ဂိုဏ်းက 'မဟာသံဃိက'ဂိုဏ်း။ နှစ်တစ်ရာမှာ နှစ်ဂိုဏ်းကွဲတယ်။ နောက်ဆက်ပြောမယ်ဆိုလို့ရှိရင် နှစ်သုံးရာလောက်ရောက်တော့ သီရိဓမ္မာအသောကမင်းလက်ထက်မှာ တစ်ဆယ့်ရှစ်ဂိုဏ်းကွဲတယ်။ ဒီဂိုဏ်းကွဲတွေအကြောင်း အသေးစိတ်ပြထားတယ်။

အဲဒီတော့ ဆိုချင်တာက ဘာလဲဆိုရင် ဘာသာရေးဂိုဏ်းကွဲတွေ၊ ဒါက ဗုဒ္ဓဘာသာအကြောင်းပြောတာ။ ခရစ်ယာန်ကြည့်လိုက်ရင်လည်း ဂိုဏ်းကွဲတွေချည်းပဲ။ အစ္စလာမ်ဆိုရင်လည်း ဒီလို ဂိုဏ်းကွဲတွေချည်းပဲ။ ဟိန္ဒူဂိုဏ်းကွဲတွေ ပိုတောင်များသေး။ဘယ်ဘာသာရေးမဆိုအကုန်လုံး အကွဲအပြဲရှိတယ်။ အဲဒါကြောင့် ဂိုဏ်းကွဲရင် ဝါဒတွေလည်းကွဲတာပဲ။ မြတ်စွာဘုရားက တိုက်ရိုက်ဟောထားတာကတော့ တခြားဘာသာတွေအကြောင်းမပြောဘူး။ "ရဟန်းတို့၊ လောကမှာ ဓမ္မနဲ့အဓမ္မ ငြင်းကြ ခုံကြပြီဆိုရင် အငြင်းအခုံထဲ မပါအောင် အရိယဝိဟာရနဲ့နေကြ" လို့ မိန့်တော်မူတယ်။

အရိယာတို့ရဲ့ နေကြထိုင်ကြတာဟာ အငြင်းအခုံကိုမရှိဘူး။ အရိယာက ပညာတတ်ထားတာက ဆုံးနေပြီ။ နိဗ္ဗာန်ကိုမြင်ပြီးကုန်ပြီ။ နိဗ္ဗာန်ကိုမြင်ပြီးတဲ့အရိယာဟာ အငြင်းအခုံမရှိဘူး။ ပညာနဲ့နေတာ။

"နေနည်းသုံးပါး" ဘာသာရေးအငြင်းအခုံထဲမှာလည်းမပါနဲ့၊ နိုင်ငံရေးအငြင်းအခုံထဲမှာလည်းမပါနဲ့၊ စီးပွားရေးငြင်းခုံမှုတွေထဲမှာလည်းမပါနဲ့၊ လောကကြီးမှာ ပထမ စီးပွားရေးငြင်းခုံမှုထဲမှာ မပါရအောင် စိတ်ဓာတ်ခိုင်ခိုင်ခံ့ခံ့နဲ့နေကြ၊ ဒုတိယ နိုင်ငံရေးငြင်းခုံမှုအာဏာပါဝါတွေထဲမှာ ဣဿာ၊ မစ္ဆရိယ အဆိပ်သင့်တဲ့အထဲမပါရအောင် မေတ္တာ ကရုဏာနဲ့နေကြ၊ တတိယ ဘာသာရေးငြင်းခုံမှုတွေထဲမှာ မပါရအောင်ကတော့ အရိယာတွေနေသလို ပညာနဲ့နေကြ၊ "နေနည်းသုံးပါး" မြတ်စွာဘုရားက ဟောပါတယ်။

နိဂုံးချုပ်လိုက်ရင် ဒိဗ္ဗဝိဟာရ၊ ဗြဟ္မဝိဟာရ၊ အရိယာဝိဟာရသုံးပါး။ လောဘတဏှာ လွန်ကဲတဲ့ခေတ်မှာ သမာဓိခိုင်ခိုင်နဲ့နေ၊ အာဏာပါဝါလွန်ကဲတဲ့ခေတ် မေတ္တာကရုဏာနဲ့နေ၊ ဘာသာရေးငြင်းခုံမှုတွေဖြစ်လာရင် ပညာနဲ့နေ၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ကမ္ဘာလောကကြီးကို တစ်နေ့ခြောက်ကြိမ်ကြည့်ပြီးတော့ "နေနည်းသုံးပါး" ဒီတရားကို ဟောသွားပါတယ်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Bing Croby ၏ အေဂျင်စီမှ White Christmas အတွက် V ကို ကမ်းလှမ်းခံရ

ဒီဇင်ဘာအမီ ထွက်ရှိလာသည့် White Christmas ဂီတအတွက် မူရင်းတေးသံရှင် Bing Croby ၏ အေဂျင်စီ Poimary Wave Music ဘက်မှ ဘီတီအက်စ်မှ ဗွီ(ခေါ်)ကင်ထယ်ယောင်းကို စတင်ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။






ဘင်ခရော့စ်မှ ဂျက်၏ဂီတကို ချစ်မြတ်နိုးသော ဗွီက နှစ်ပေါင်းများစွာ ဂီတကိုလေ့လာခဲ့ပြီး ဘင်ခရော့စ်အသံနှင့် လှပစွာ လိုက်ဖက်ညီနေသော အနုပညာရှင်ဖြစ်ခဲ့သည်။

ဘင်ခရော့စ်အပေါ် ချစ်မြတ်နိုးမှုနှင့် ဆန္ဒပြင်းပြမှုကြောင့် ဗွီနှင့်ပူးပေါင်း၍ ထူးခြားစွာ တင်ဆက်မှုကို ပြုလုပ်ခဲ့ခြင်းမှာ စီးပွားရေးအရ ပူးပေါင်းမှုမျိုးမဟုတ်ဘဲ ဂီတကို ရိုးရှင်းစွာချပြခဲ့ခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းပရိသတ်များကြား နက်နက်ရှိုင်းရှိုင်း ပဲ့တင်ထပ်ခဲ့ခြင်းမှာ ဗွီနှင့်သာ အသင့်တော်ဆုံးဖြစ်၍ ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ (SKY)



## စိတ်ရောဂါပျောက်ဆေးများ၏ ဆိုးကျိုးနှင့်ပတ်သက်၍ ပြန်လည်စဉ်းစားချင့်ချိန်ရန် လိုအပ်မည်ဟု ဆို

စိတ်ရောဂါပျောက်ဆေးများနှင့်ပတ်သက်၍ ကနေဒါနိုင်ငံ၊ ဝါတာလူးမြို့ရှိ လူထုကျန်းမာရေးသိပ္ပံပညာရပ်များကျောင်းမှ ပါရဂူဘွဲ့လွန်သုတေသီ ဒေါက်တာ ဒန်နီယယ်လဲင်းမ် ဦးဆောင်သော ဆေးသိပ္ပံပညာရှင်များ စူးစမ်းလေ့လာလျက်ရှိသည်။

၎င်းတို့သည် သက်ကြီးပြုစုစောင့်ရှောက်ရေးဂေဟာများတွင် ရှိနေသော လူကြီးများအနက် စိတ်ကျန်းမာရေးချွတ်ယွင်းသူများကို ဆေးပေးကုသခြင်းအကြောင်းကို ၂၀၀၀ပြည့်နှစ်မှ ၂၀၂၂ခုနှစ်အထိ အဓိကထားပြီး သီးခြားလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ယင်းစိတ်ရောဂါပျောက်ဆေးများ၏ နောက်ဆက်တွဲဆိုးကျိုးသည် လူကြီးများ၏ နေ့စဉ်ကျန်းမာရေးဘဝကို ထိခိုက်စေနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

သို့ဖြစ်ရာ ထိုဆိုးကျိုးများနှင့်ပတ်သက်၍ မိမိတို့ ပြန်လည်စဉ်းစားချင့်ချိန်ရန်လိုအပ်မည်ဟု ဦးဆောင်သုတေသီ ဒေါက်တာ ဒန်နီယယ်လဲင်းမ်က ရှင်းလင်းပြောကြားကြောင်းသိရသည်။ **Mon**

## Willian Chan @ Chen Wei Ting ၏ ဇာတ်လမ်းတွဲသစ်ထွက်ရှိလာ

တရုတ်အနုပညာလောကတွင် ခန့်သားတည်ကြည်ချောမောသည့် ဝီလျံချန်(ခေါ်)ချန်ဝိန်တင်းသည် အဆိုတော်၊ သရုပ်ဆောင်သာမက အကလည်း တော်သူဖြစ်ကာ သူ၏ဇာတ်လမ်းတွဲသစ် Dancing in the Storm ထွက်ရှိလာမည်ဖြစ်သည်ဟု ဝိန်ဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝီလျံချန်(ခေါ်)ချန်ဝိန်တင်းသည် ၂၀၀၃ ခုနှစ်မှစ၍ အဆိုတော်အဖြစ် သီချင်းဆိုပြိုင်ပွဲတွင် ဆုရပြီး Sun Boyz အဖွဲ့နှင့် ပွဲဦးထွက်ခဲ့သူဖြစ်ပြီး အကကျွမ်းကျင်သူဖြစ်သည်။

ဝီလျံချန်သည် ဇာတ်လမ်းတွဲထက် ရုပ်ရှင်အရိုက်များသူဖြစ်ပြီး Dancing in the Storm နှင့် Pearl Eclipse ရုပ်ရှင်သစ်များ ထွက်လာရန်ရှိပြီး မကြာမီက သူ့ကိုယ်ပိုင် ဖက်ရှင်တံဆိပ် Canot Wait ကို ထုတ်ထားသည်။

အဆိုတော်၊ သရုပ်ဆောင် ကုမ္ပဏီပိုင်ရှင်အပြင် အီတလီ အမှတ်တံဆိပ်သံတမန်လည်းဖြစ်ကာ အသက်(၃၃)နှစ်နှင့် အောင်မြင်ကျော်ကြားနေသူ ဖြစ်သည်။ (SKY)

*-*-*-*-*





## Kim Sejung က Secret Garden ကို ရာဇဝင်ဇာတ်ကားအဖြစ် ရိုက်ကူးရာတွင် ပါဝင်

နာမည်ကျော်လူကြိုက်များခဲ့သည့် ဇာတ်လမ်းတွဲ Secret Ganden ကို ရာဇဝင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးရာတွင် ကင်ဆီဂျောင်းပါဝင်ထားသည့်ဟု ကိုးရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အမ်ဘီစီဒရမ်မာ The Moon Run on the River အဖြစ် Secret Ganden ကို ရာဇဝင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးမည်ဖြစ်ပြီး သရုပ်ဆောင်များ ရွေးချယ်ထားသည်။

အဆိုပါကားတွင် ကင်ဆီဂျောင်းနှင့် မင်းသား ကန်တေဟိုတို့ အဓိကပါဝင်မည်ဖြစ်ရာ ပရိသတ်များက ဇာတ်ကောင်းရွေးချယ်မှု လိုက်ဖက်သည်ဟု မှတ်ချက်ပေးထားကြသည်။ (SKY)




## ဂျပန်မော်ဒယ်လ် Isono Shieru က Tick-Tack MV တွင် ပရိသတ်စိတ်ဝင်စားခြင်းခံရ

ဂျပန်မော်ဒယ်လ် အီဆိုနိုရှီအာရှပါဝင်ထားသည့်Tick-Tack MV တွင် လူတိုင်းလိုက်၍ ဆိုနိုင်ကနိုင်အောင် ဖန်တီးပေးထား၍ ပရိသတ်စိတ်ဝင်စားခြင်း ခံနေရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အီဆိုနိုရှီအာရှသည် ၂၀၀၁ ခုနှစ်ဖွားဖြစ်ပြီး မြင့်မားသော အရပ်နှင့် ဂျပန်မော်ဒယ်လ်တစ်ဦးလည်းဖြစ်ကာ ဂျပန်နှင့်တောင်ကိုရီးယားတို့တွင် အေဂျင်စီဝင်၍ မော်ဒယ်လုပ်နေကာ ကေပေါ့ပ်အဖွဲ့ ရှိုင်းနီးမှ ကီးတို့နှင့် ခင်မင်ရင်းနှီးသူလည်း ဖြစ်သည်။

သူပါဝင်ထားသည့် Tick-Tack MV ကို ILLIT က လူတိုင်းဆိုနိုင်ကနိုင်အောင် ဖန်တီးပေးထားပြီး လူငယ်ကြိုက်ပုံစံဖန်တီးပေးထားရာမှ ပရိသတ်ကြား ရေပန်းစားနေပြီး ဂျပန်မော်ဒယ်လ် အီဆိုနိုရှီအာရှကို စိတ်ဝင်စားနေကြသည်။ (SKY)

*-*-*-*-*

## Taylor Swift သီချင်းမှတ်ပုံတင်တွင် နာမည်ရင်း Taylor Alison Swift ကို သုံးရ

နိုင်ငံတကာ မူပိုင်ခွင့်နှင့် ဉာဏပစ္စည်းအခွင့်အရေးအဖွဲ့ အစည်းတွင် မှတ်ပုံတင်သည့်အခါ အနုပညာနာမည်သုံးရပြီး တေးရေးနေရာတွင် အမည်ရင်းမှတ်ပုံတင်နာမည်အပြည့်အစုံ သုံးရသဖြင့် တေလာဆွတ်က အမည်ရင်း တေလာအယ်လီဆန်ဆွတ် အမည်ကို သုံးထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နိုင်ငံတကာ ဥပဒေအရ သီဆိုသူဖျော်ဖြေခွင့်နှင့် အကျိုးခံစားခွင့်ရှိပြီး ပြန်ဆိုခြင်း၊ အသုံးပြုခြင်းများကို တေးရေးကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိ၍ အမည်ရင်းကို သုံးခြင်းဖြစ်ရာ တေလာဆွတ်က တေလာအယ်လီဆန်ဆွတ်၊ လေဒီဂါဂါက စတက်ဖနီဂျိုနီဂါမာနိုတာ၊ ဘီယွန်းဆေးက ဘီယွန်းဂီဆယ်လီနိုဝေးစ်တို့ကို သုံးထားသည်။

ပင့်ခ်က အယ်လီကာဘတ်မိုရီ၊ အိုင်ယူက လီဂျီအွန်း၊ ဘရူနိုမတ်စ်က ပီတာဂျီနီဟာမက်ဇ်၊ ဂျက်စတင်ဘီဘာက ဂျက်စတင်ဒရူဘီဘာနှင့် ဂျီဒရယ်ဂွန်က ကွမ်ဂျီယောင်း အစရှိသည့် နာမည်ရင်းကိုသာ သုံးထားကြသည်။ (SKY)






## Yu Shuxin ၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာမျက်နှာဖုံးကာဗာ လူကြိုက်များခဲ့

တရုတ်အနုပညာရှင် ယူရှူရှင်း၏ ထိပ်တန်း Cosmopolitan China မဂ္ဂဇင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလထုတ်ကာဗာမှာ ပရိသတ်ကြား လူကြိုက်များခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ထိပ်တန်းမဂ္ဂဇင်းမျက်နှာဖုံးတွင် ယူရှူရှင်း၏ ဖက်ရှင်စတိုင်လ်ဆန်းသစ်သော ပုံများနှင့် ဖော်ပြထားရာ ခုနစ်နာရီအတွင်း ဝယ်ယူသူပေါင်းရှစ်သောင်းကျော်ရှိခဲ့ပြီး ရောင်းရသော အုပ်ရေပေါင်း နှစ်သိန်းခွဲထိ မြင့်တက်ခဲ့သည်။

ယူရှူရှင်းသည် ပါးလွှသော အနီရောင်ဝတ်စုံနှင့် ပျော့ပျောင်းသော ကိုယ်နေဟန်ဖြင့် ဆွဲဆောင်မှုအပြည့် မျက်နှာပေးကို မြင်တွေ့ရသကဲ့သို့ အဖြူအမဲ၊ အလင်းအမှောင်ကြားမှ စူးရှသော အကြည့်နှင့် စွဲအားပြင်းပြင်းအလှကြောင့် လူကြိုက်များခဲ့ခြင်းဖြစ်သည်။ (SKY)

## သမ္မတ ပလာဒီမာပူတင်နှင့် ရုရှားပြည်သူလူထုထံသို့ ကင်မ်ဂျောင်အွန်း နှစ်သစ်ကူးဆုတောင်းလွှာပေးပို့



**ပြုံယမ်း ဒီဇင်ဘာ ၃၁**

သမ္မတ ဗလာဒီမာပူတင်နှင့် ရုရှားပြည်သူလူထုထံသို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်းက ဒီဇင်ဘာ ၃၁ ရက်တွင် နှစ်သစ်ကူးဆုတောင်းလွှာပေးပို့လိုက်ကြောင်း ကေစီအင်န်သတင်းဌာနက ဖော်ပြသည်။

ချစ်ခင်လေးစားရပါသော ရဲဘော်ဗလာဒီမာပူတင်အနေဖြင့် လာမည့် ၂၀၂၅ ခုနှစ် နှစ်သစ်တွင် ပိုမိုအောင်မြင်စေရန်နှင့် ရုရှားပြည်သူလူထုလည်း ၎င်း၏ ဦးဆောင်မှုအောက်တွင် ပိုမိုကျန်းမာချမ်းသာ ပျော်ရွှင်ကြစေရန် ဆုမွန်ကောင်းတောင်းလိုက်ရပါသည်ဟု ခေါင်းဆောင် ကင်မ်၏ နှစ်သစ်ကူးဆုတောင်းလွှာတွင် ရေးသားထားကြောင်း ထိုသတင်းဌာနက ဆက်လက်ဖော်ပြသည်။

၂၀၂၄ ခုနှစ်တွင် မြောက်ကိုရီးယားနှင့် ရုရှားနှစ်နိုင်ငံ ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးအတွက် အဓိပ္ပာယ်ရှိသော ခရီးကို လျှောက်လှမ်းခွင့်ရခဲ့ရာ ရှေ့ဆက်၍လည်း စီမံကိန်းသစ်များကို အကောင်အထည်ဖော်သွားရန် လိုလားသည်ဟု ကင်မ်က အဆိုပါဆုတောင်းလွှာတွင် ဆက်လက် အသိပေးရေးသားထားကြောင်း သိရသည်။ **Mon**



## စင်ကာပူစီးပွားရေး နှစ်သစ်တွင် တိုးတက်လာမည်ဟု ဝန်ကြီးချုပ် လောရန့်စ်ဝေါင်း မျှော်မှန်း

**စင်ကာပူ ဒီဇင်ဘာ ၃၁**

စင်ကာပူနိုင်ငံ၏စီးပွားရေး လာမည့် ၂၀၂၅ ခုနှစ် နှစ်သစ်တွင် တိုးတက်လာမည်ဟု ဝန်ကြီးချုပ် လောရန့်စ်ဝေါင်း မျှော်မှန်းထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၂၄ ခုနှစ်တွင် မိမိတို့နိုင်ငံ၏စီးပွားရေး ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး နောင်နှစ်တွင် ထိုထက်ပို၍ တိုးတက်လာမည်ဟု မျှော်မှန်းကြောင်း ၎င်းက အတိအလင်းပြောကြားခဲ့သည်။

ဒီဇင်ဘာ ၃၁ ရက်က အစိုးရရုပ်မြင်သံကြားဌာနမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်သော မိန့်ခွန်းတွင် ဝန်ကြီးချုပ် လောရန့်စ်ဝေါင်းက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

လွန်ခဲ့သော ၁၀ နှစ်အတွင်း စင်ကာပူနိုင်ငံသားများ၏ ဝင်ငွေသည် နှစ်စဉ် ၂ ဒသမ ၂ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း ၎င်းက ထောက်ပြသည်။

စင်ကာပူအနေဖြင့် မူဝါဒများကို ပြင်ဆင်၊ စိတ်နေစိတ်ထားများနှင့် စိတ်အခြေခံများကို ပြန်လည်ချမှတ်ပြီးနောက် စင်ကာပူအိပ်မက်ကို ဆန်းသစ်အောင် ဖန်တီးကာ ၂၀၂၅ ခုနှစ်တွင် စင်ကာပူအဖွဲ့အစည်းစိတ်ဓာတ်မွေးမြူပြီး စိတ်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းသွားကြရန် ၎င်းက တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

## အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်၌ နှင်းလူ လိုက်ရှာသူနှစ်ဦး တောထဲတွင် သေဆုံးခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၃၁**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်တွင် နှင်းလူ လိုက်ရှာသူ အမျိုးသားနှစ်ဦး အဆက်အသွယ်ပြတ်တောက်သွားသဖြင့် လိုက်လံရှာဖွေခဲ့ရာ နောက်ဆုံး၌ ၎င်းတို့နှစ်ဦး တောထဲတွင် သေဆုံးနေသည်ကို တွေ့ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အော်ရီဂန်ပြည်နယ် ပို့လန်းမြို့မှ အသက် ၃၇ နှစ်နှင့် အသက် ၅၉ နှစ်အရွယ် အမျိုးသားနှစ်ဦးသည် ဝါရှင်တန်ပြည်နယ်အတွင်းရှိ ဂစ်ဖို့ပင်ချော့သစ်တောထဲတွင် နှင်းလူ ရှိသည်ဟု ကြားဖူးသဖြင့် လက်တွေ့သက်သေပြနိုင်ရန် ခရစ္စမတ်နေ့မတိုင်မီ ထိုတောထဲသို့ စွန့်စားခရီးနှင်ခဲ့ကြသည်။

၎င်းတို့ထံမှ အဆက်အသွယ်ပြတ်တောက်သွားသဖြင့် ခရစ္စမတ်နေ့တွင် ဒေသခံစေတနာ့ဝန်ထမ်း ကယ်ဆယ်ရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့ ပူးပေါင်းကာ လိုက်လံရှာဖွေခဲ့ကြသည်။

ထိုလူနှစ်ဦး စီးသွားသော ကား တောစပ်တွင် ရပ်ထားသည်ကို ခြေရာခံကာ ဒရုန်းယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် ပိုက်စိတ်တိုက်ရှာဖွေရာမှ ၎င်းတို့ အေးခဲသေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

လူအရောက်အပေါက်နည်းသည့် နှင်းတောထဲတွင် နေထိုင်ကျက်စားလေ့ရှိသည်ဆိုသော နှင်းလူကို မြင်ဖူးချင်သူများ ယခင်က အလားတူလိုက်ရှာဖူးသော်လည်း ခြေရာများကိုသာ တွေ့ခဲ့ကြောင်း သိရသည်။ **Mon**



## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



## ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး အယ်လ်ရှီဘာနီ ဆော်ဒီအာရေဗျနိုင်ငံသို့ အလည်အပတ်သွားမည်

**ဒမတ်စကတ် ဒီဇင်ဘာ ၃၁**

ဆော်ဒီအာရေဗျနိုင်ငံသို့ မိမိ တရားဝင်အလည်အပတ်သွားမည်ဖြစ်သည်ဟု ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး အယ်လ်ရှီဘာနီက ဒီဇင်ဘာ ၃၀ ရက်တွင် ၎င်း၏ အိတ်ခ်စ်လူမှုကွန်ရက်မှတစ်ဆင့် အသိပေးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဆီးရီးယားနိုင်ငံအား ကိုယ်စားပြု၍ ထိုသို့အလည်အပတ်သွားရောက်ရာတွင် မိမိတို့၏ ညီအစ်ကိုများနှင့် ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားနိုင်မည်ဟုလည်း မျှော်မှန်းကြောင်း ၎င်းက ထိုလူမှုကွန်ရက်တွင် ထုတ်ဖော်ရေးသားခဲ့သည်။

အယ်လ်ရှီဘာနီကို ဒီဇင်ဘာ ၂၁ ရက်က ဆီးရီးယားကြားဖြတ်အစိုးရ၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



ဒတ်ချ်နယ်ချဲ့များ သိမ်းယူသွားပြီးနောက် ပြန်ပေးခဲ့သော ရှေးဟောင်းပစ္စည်းများကို အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တော်၌ ပြသထားရာ စိတ်ဝင်စားသူနှစ်ဦး လာရောက်ကြည့်ရှုမှတ်တမ်းတင်နေကြစဉ်။ **Mon**

## လေယာဉ်ကွင်း ကွန်ကရစ်စည်းရိုးကို ဝင်တိုက်ပြီးမှ ဂျယ်ဂျူးလေကြောင်းလိုင်းပိုင် လေယာဉ်ပေါက်ကွဲခဲ့

**ဆိုးလ် ဒီဇင်ဘာ ၃၁**

တောင်ကိုရီးယားအခြေစိုက် ဂျယ်ဂျူးလေကြောင်းလိုင်းပိုင် ဘိုရင်း ၇၃၇-၈၀၀ အမျိုးအစား ခရီးသည်တင်လေယာဉ်သည် မူအန်းလေဆိပ်သို့အဆင်းတွင် ဘီးချမရသဖြင့် ဝမ်းဗိုက်ဖြင့် လျှောတိုက်ဆင်းသည့်အချိန်၌ လေယာဉ်ကွင်းကွန်ကရစ်စည်းရိုးကို ဝင်တိုက်ပြီးမှ ပေါက်ကွဲမီးလောင်ခဲ့ခြင်းဖြစ်သည်ဟု ကျွမ်းကျင်သူအချို့က ထောက်ပြကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ထိုလေယာဉ်ပျက်ကျသည့် ဒီဇင်ဘာ ၂၉ ရက်နေ့က အဆိုပါလေဆိပ်ရှိ လေယာဉ်ပြေးလမ်းတိုလွန်းသဖြင့် ပေါက်ကွဲမီးလောင်ခဲ့ခြင်းဖြစ်သည်ဟု အပြစ်ပြောသူများ ရှိခဲ့သည်။

မူအန်းလေဆိပ်တွင် လေယာဉ်ပြေးလမ်းတစ်လမ်းတည်းရှိပြီး မီတာ ၂၈၀၀ သာရှည်သဖြင့် တိုလွန်းသည်ဟု ဝေဖန်သူများရှိခဲ့ရာ တောင်ကိုရီးယားမြေ၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနက ပြေးလမ်းမတိုကြောင်း တုံ့ပြန်ဖြေရှင်းခဲ့သည်။



ယခုနောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စု တောင်ကာလီဖိုးနီးယားတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဌာနမှ ပါမောက္ခနတ်ဂျ်မေဒင်မက်ရှ်ကတီး အပါအဝင် လေယာဉ်ကွင်းဆောက်လုပ်ရေးပညာရှင်အချို့က လေယာဉ်ကွင်းကွန်ကရစ်စည်းရိုးကို ထောက်ပြအပြစ်ဆိုနေကြပြန်သည်။

ယင်းထောက်ပြချက်နှင့်ပတ်သက်၍လည်း မူအန်းလေယာဉ်ကွင်းရှိ လေယာဉ်ပြေးလမ်းအဆုံးမှ မီတာ ၂၅၀ ခွာပြီး ထိုကွန်ကရစ်စည်းရိုးကို တည်ဆောက်ထားခြင်းဖြစ်သည်ဟု တောင်ကိုရီးယားအာဏာပိုင်များဘက်က ရှင်းချက်ထုတ်ခဲ့ကြောင်း သိရသည်။ **Mon**

## အဖိုးတန်လက်ကိုင်အိတ်များနှင့် ငွေသားများ လန်ဒန်မြောက်ပိုင်း၌ ဖောက်ထွင်းခိုးယူခြင်းခံရ

**လန်ဒန် ဒီဇင်ဘာ ၃၁**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်မြောက်ပိုင်း ရိပ်သာလမ်းတစ်နေရာရှိ နေအိမ်တစ်အိမ်၌ ယမန်နေ့က ဖောက်ထွင်းခိုးယူမှု ဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၂၀ နှင့် ၃၀ နှစ်အကြားရှိ လူဖြူအမျိုးသားတစ်ဦး ထိုအိမ်အတွင်းသို့ ညပိုင်းတွင် ဖောက်ထွင်းဝင်ရောက်ကာ အဖိုးတန်ပစ္စည်းများနှင့် ငွေသားများကို ခိုးယူခဲ့ခြင်းဖြစ်သည်။

ယင်းဖောက်ထွင်းသူခိုးက စတာလင်ပေါင် ၁၀ သန်းခန့် တန်ဖိုးရှိသော အဖိုးတန်လက်ကိုင်အိတ်များ၊ လက်ဝတ်ရတနာများကိုသာမက ငွေသား စတာလင်ပေါင် ၁၅၀၀၀၀ ကိုလည်း ခိုးယူခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

# အမျိုးသမီးများကို တရုတ်ယောကျ်ားထံရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဒီဇင်ဘာ ၃၁

အမျိုးသမီးများကို တရုတ်ယောကျ်ားထံရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နေ မသော်သော်ဇင် မှ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နေ မ-----၊ ၂၇ နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မ-----၊ ၂၀ နှစ် တို့ နှစ်ဦးအားတရုတ်ယောကျ်ားယူပါက ငွေကျပ်သိန်း ၈၀ ရရှိမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) နယ်မြေ ရဲစခန်း (ပ) ၂၅၅/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။ အောင်မြေသာစံ ခရိုင်တရားရုံးမှ ဒီဇင်ဘာ ၂၆ ရက်တွင် တရားခံမသော်သော်ဇင်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၃ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

### ထောင်ဒဏ် ၁၀ နှစ်

အလားတူ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်နေ မဌေးဌေးဦး (ခ) ဗိုလ်ဌေးသည် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်နေ မ-----၊ ၂၅နှစ်ကို တရုတ်ယောကျ်ားယူပါက ငွေကျပ်သိန်း ၇၀ ရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် မူဆယ်မြို့မရဲစခန်း (ပ) ၂၁၃/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ မူဆယ်ခရိုင်တရားရုံးမှ ဒီဇင်ဘာ ၂၆ ရက်တွင် တရားခံ မဌေးဌေးဦး(ခ) ဗိုလ်ဌေးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နေ မရွှန်းမြတ်မြတ်နိုင်၊ မသရဖီဖြိုး၊ မဟာအောင်မြေ မြို့နယ်နေ မယမုံဇင်၊ ကိုသီဟကျော်တို့က ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နေ မ-----၊ ၂၀နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နေ မ-----၊ ၃၁နှစ် တို့ နှစ်ဦးအား တရုတ်ဇနီးမယားအဖြစ် ဆောင်ရွက်ပါက ငွေကျပ်သိန်း ၇၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် မဟာအောင်မြေမြို့နယ် အမှတ်(၉) မြို့မရဲစခန်း(ပ)၂၅၁/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ အောင်မြေသာစံ ခရိုင်တရားရုံးမှ ဒီဇင်ဘာ ၂၇ ရက်တွင် တရားခံရွှန်းမြတ်မြတ်နိုင်၊ သရဖီဖြိုး၊ ယမုံဇင်၊ သီဟကျော်တို့လေးဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က) အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်နေ စပေါ်လီနူး (ခ) ပေါ်လေးနှင့် နန့်အေပရယ်မေတို့က လိပ်စာတူနေ မ-----၊ ၃၂နှစ် နှင့် မ-----၊ ၁၇နှစ်တို့ကို တရုတ်ဇနီးအဖြစ် ဆောင်ရွက်ပါက ယွမ် ၅၀၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် ပုသိမ်ကြီးမြို့နယ် အုန်းချောနယ်မြေရဲစခန်း (ပ) ၁၀၂/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄၊ အုန်းချောနယ်မြေရဲစခန်း (ပ) ၁၀၃/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ တို့ဖြင့် အသီးသီးအမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ အောင်မြေသာစံခရိုင်တရားရုံးမှ ဒီဇင်ဘာ ၂၇ ရက်တွင်တရားခံစပေါ်လီနူး (ခ) ပေါ်လေး နှင့် နန့်အေပရယ်မေ တို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ တစ်မှုလျှင် အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ်စီဖြင့် စုစုပေါင်းနှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# စကုမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်

မင်းဘူး ဒီဇင်ဘာ ၃၁

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊မင်းဘူး(စကု)မြို့နယ်၊ စကုမြို့ရှိ ဒေသခံပြည်သူများ ပွင့်လင်းရာသီ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရေးအတွက် အသိပညာပေးနှိုးဆော်ခြင်းများကို ဒီဇင်ဘာ ၃၀ ရက် ညနေ ၄ နာရီက စကုမြို့ပေါ် ရပ်ကွက်များအတွင်း လှည့်လည်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် စကုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချိုစန်းလွင်ဦးနှင့် စကုနယ်မြေမီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးဇော်မင်းထွေးတို့ ဦးဆောင်ပြီး သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သောကြောင့် မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လုပ်ဆောင်ရမည့်အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ နေအိမ်များ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးပစ္စည်းများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူးများ အရန်သင့်စီစဉ်ဆောင်ရွက်ထားရှိရေးနှင့် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်လုပ်ငန်း တာဝန်(၄)ရပ်အညီ အသံချဲ့စက်ဖြင့် လိုက်လံသတိပေးနှိုးဆော်ခြင်းနှင့် အသိညာပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၅၀၀)

# ဆိပ်ဖြူမြို့နယ် မြစ်ခြေနှင့် ကမ္မနယ်စပ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့သဖြင့် ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၃၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြစ်ခြေနှင့် ကမ္မနယ်စပ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့သဖြင့် ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

### လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဆိပ်ဖြူမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ စိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရန်အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာများအား မီးရှို့ဖျက်ဆီးမှုမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ကျေးရွာများအတွင်း တရားမဝင် ခိုအောင်းနေထိုင်လျက်ရှိပြီး ၎င်းတို့အား ထောက်ခံအားပေးမှု မရှိသည့် ရပ်ကွက်/ ကျေးရွာများအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက် ရှိကြောင်း၊ အထက်ပါသတင်းသည် တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအား ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ မဟုတ်မမှန် သတင်းများအား လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

# နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်နှင့် တောင်ကြီးမြို့၊ ချယ်ရီလမ်းတွင် မီးလောင်မှုများ ဖြစ်ပွား

နေပြည်တော် ဒီဇင်ဘာ ၃၁

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မေယုလမ်းတွင် ဒီဇင်ဘာ၂၉ရက် ည ၁၁ နာရီ ၅၉မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ဒက္ခိဏခရိုင် မီးသတ်စခန်းမှ မီးသတ်ယာဉ်သုံးစီး၊ ရွှေကြာပင်နယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ Level1 ယာဉ်အုပ်စု ထွက်ခွာငြိမ်းသတ်ရာ နံနက် ၁၂ နာရီ ၁၄ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အလားတူ ဒီဇင်ဘာ ၃၀ ရက် ည ၇ နာရီ ၅ မိနစ်ခန့်က ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်၊ ချယ်ရီလမ်းတွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ရှမ်းပြည်နယ်မီးသတ်ဦးစီးမှူးရုံးမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ တောင်ကြီးခရိုင် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်နှစ်စီး၊ တောင်ကြီးမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်ငါးစီး၊ ရေသယ်ယာဉ်တစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ထွက်ခွာငြိမ်းသတ်ရာ ည ၇ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

(၀၄၅)

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၃၁

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဒီဇင်ဘာ ၂၇ရက် နံနက် ၈ နာရီ ၄၅မိနစ်က ကလောမြို့နယ်၊ရေယား ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် သီဟလှိုင်(ခ)ကိုညီဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နံနက် ၈ နာရီ မိနစ် ၅၀ အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ တင်မူလှိုင်(ခ)စနေမ ဆိုသူအား တောင်ငူမြို့၊ အမှတ်(၇)ရပ်ကွက်တွင် မော်တော်ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် သီဟလှိုင်(ခ)ကိုညီ(၄၄)နှစ်နှင့် တင်မူလှိုင်(ခ)စနေမ(၃၁)နှစ် ဆိုသူတို့အား ကလောမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

၀-၀-၀

# မြို့ပတ်လမ်းတွင် ယာဉ်မတော်တဆမှု ဖြစ်ပွား

မန္တလေး ဒီဇင်ဘာ ၃၁

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၄၈လမ်း၊ မြို့ပတ်လမ်းတွင် ဒီဇင်ဘာ ၂၉ရက် ည ၈နာရီခွဲဝန်းကျင်က မော်တော်ယာဉ် မတော်တဆမှု ဖြစ်ပွားခဲ့ပြီး အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ မော်တော်ယာဉ်သည် ၄၈ လမ်း၊ မြို့ပတ်လမ်းအတိုင်း မောင်းနှင်လာစဉ် မတော်တဆဖြစ်ကာ တိမ်းမှောက်ခဲ့သဖြင့် မဏီစလ လူမှုနာမှုကူညီရေးအသင်းမှ သွားရောက်ကူညီဆောင်ရွက်ခဲ့ကြပြီး ထိခိုက်ဒဏ်ရာရသူများအား မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

(ယာပုံ) (၀၅၇)



သတင်း စာမျက်နှာ ၂၄









သတင်း စာမျက်နှာ ၂၄













# မြန်မာနိုင်ငံတစ်နိုင်ငံလုံး အေးချမ်းသာယာစေရေးအတွက် အကျွတ်အလွတ်အမျှအတန်းပေးဝေခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆရာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ





**မန္တလေး ဒီဇင်ဘာ ၃၁**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့မှ ဦးစီးကြီးမှူး၍ မြန်မာနိုင်ငံတစ်နိုင်ငံလုံး အေးချမ်းသာယာစေရေးအတွက် အကျွတ်အလွတ်အမျှအတန်းပေးဝေခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆရာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာသုန္ဒရာရာမ ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုပြီး ပင့်သံဃာ ဆရာတော်၊ သံဃာတော် ၁၀၈ပါး ကြွရောက်ချီးမြှင့်တော်မူ၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်အောင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနား ပထမပိုင်း အစီအစဉ်ကို အမရပူရမြို့နယ်၊ တောင်အင်းမြောက်အင်းသုသာန်ရှိ ယာယီမဏ္ဍပ်တွင် ကျင်းပရာ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

၎င်းနောက် တိုင်းဒေသကြီး သာသနာရေးဦးစီးမှူးက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အကြောင်းအမျိုးမျိုးတို့ကြောင့် ပျံလွန်တော်မူသွားခဲ့ကြသော ဆရာတော်၊ သံဃာတော်၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးကွယ်လွန်သွားခဲ့ကြသည့် နိုင်ငံသူ၊ နိုင်ငံသားများထဲမှ မကျွတ်မလွတ်သေးဘဲ ရှိနေကြသူများအား လာရောက်တရားနာကြရန်ဖိတ်ကြားခြင်းအစီအစဉ်ကို ပြုလုပ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်ဆရာတော်က အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ မိန့်ကြားတော်မူပြီးနောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို တက်ရောက်လာကြသူများက နာယူကြည်ညိုကြသည်။

၎င်းနောက် သင်္ကန်း၊ အစရှိသောလှူဖွယ်များ ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဆရာတော်ထံသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်နှင့် ဆရာတော်များထံသို့ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများကလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အကြောင်းအမျိုးမျိုးကြောင့် ပျံလွန်၊ သေဆုံးကွယ်လွန်သွားကြသည့် မကျွတ်မလွတ်သေးသော သူများအတွက် ရေစက်ချ၊ အမျှအတန်းပေးဝေခြင်းနှင့် အနုမောဒနာတရားများကို နာယူကြည်ညိုကြ၍ ရေစက်သွန်းချအမျှအတမ်းများပေးဝေခဲ့ပြီးနောက် ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနား ပထမပိုင်းကို ရုပ်သိမ်းခဲ့သည်။

၎င်းနောက် အခမ်းအနား ဒုတိယပိုင်းကို ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာသုန္ဒရာရာမ ပရိယတ္တိစာသင်တိုက်၌ ဆက်လက်ကျင်းပခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်နှင့်ဆရာတော်များ၊ပင့်သံဃာတော် ၁၀၈ ပါးတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများ၊ အလှူရှင်များတို့က လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ




# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာမန်မိုဟန်ဆင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုး

**မန္တလေး ဒီဇင်ဘာ ၃၁**

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာမန်မိုဟန်ဆင်းသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်နေ့က ကွယ်လွန်ခဲ့ခြင်းအတွက် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့နံနက်ပိုင်းက သွားရောက်လက်မှတ်ရေးထိုးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးသို့ ရောက်ရှိပြီး အိန္ဒိယကောင်စစ်ဝန်ချုပ် H.E.Mr.Sundeep Kaushal နှင့် တာဝန်ရှိသူများအား ရင်းနှီးစွာ တွေ့ဆုံ၍ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာမန်မိုဟန်ဆင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ဒေါက်တာ မန်မိုဟန်ဆင်းသည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**အမရပူရ ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲကို မြို့မဘောလုံးကွင်းအတွင်း၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲကို ၅ ပေအောက် ပေါင် ၉၀ ရှိ ခေတ်သစ်လူငယ်ကစားသမားသာ ပါဝင်ယှဉ်ပြိုင်စေခဲ့သည်။ ယခုကဲ့သို့ကျင်းပရခြင်းမှာ ခေတ်သစ်လူငယ်ကစားသမားလေးများ ပေါ်ပေါက်စေရန်ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်သည်။

ဖွင့်ပွဲအဖြစ် မြို့မအသင်းနှင့် ရောဦး(က)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြို့မအသင်းက ၄ ဂိုး၊ ဂိုးမရှိ အနိုင်ရရှိခဲ့သည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အသင်း ၈ သင်းပါဝင်ကစားပြီး အနိုင်ရအသင်းများအား ဇန်နဝါရီ ၄ ရက်တွင် ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

ဇန်နဝါရီ လ ၄ ရက် လွတ်လပ်ရေးနေ့တွင် အလံတင်အခမ်းအနား၊ သဝဏ်လွှာဖတ်ပွဲအပြီး ဆုချီးမြှင့်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများစွာ ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**



သင့်ကျန်းမာရေးအတွက် နေ့စဉ်လမ်းလျှောက်ပါ။



## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ မြင့်မားအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် လက်ဆင့်ကမ်းအမွေထိန်းသိမ်းစေ ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ ကဗျာရေး စပ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး ၄င်းပြိုင်ပွဲများကို ဒီဇင်ဘာလ ၂၆ ရက်မှ ဇန်နဝါရီလ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၆၉)**


## ကျောက်ဆည်မြို့နယ်တွင် မုန်လာဥစိုက်ပျိုးသူများ အဆင်ပြေ

**ကျောက်ဆည် ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများသည် ဆန်စပါး၊ ပဲမျိုးစုံ၊ ငရုတ်၊ ကြက်သွန်သီးနှံများ အဓိကထားစိုက်ပျိုးကြပြီး မြစ်ရေနီးသည့် ဇော်ဂျီ၊ ပန်းလောင်မြစ်ကမ်းများတွင် မုန်လာဥအဖြူများ စိုက်ပျိုးကြရာ မုန်လာဥ ငါးပင်ပါ အစည်းတစ်စည်းအား ငွေကျပ် ၁၀၀၀ ဖြင့် ရောင်းချရသဖြင့် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိသည်။ **(အောက်ပုံ)**

မုန်လာဥစိုက်ပျိုးသူများအနေဖြင့် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းသေချာသည့် မှုံးနီတံဆိပ် ဆင်စွယ်မုန်လာဥမျိုး များ အဓိကထားပြီး အောက်တိုဘာလဆန်းပိုင်းမှ စတင်ကာ စိုက်ပျိုးကြကြောင်းနှင့် ကုန်ကျစရိတ်အနေဖြင့် တစ်ဧကမြေပြုခြင်း၊ သွင်းအားစုနှင့် မျိုးစေ့ဖိုးအပါအဝင် ငွေကျပ် ငါးသိန်းခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး တစ်လခွဲခန့်အကြာတွင် တူးဖော်ရောင်းချရကြောင်း၊ ရောင်းဈေးအနေဖြင့် စိုက်ခင်းကောင်းမွန်မှုအပေါ်မူတည်၍ ကုန်စိမ်းပွဲစားများက အခင်းပြတ်ဝယ်ယူကြပြီး လက်ကားဈေးနှုန်းအနေဖြင့် မုန်လာဥ ငါးဥ အစည်းတစ်စည်းအား ငွေကျပ် ၁၀၀၀ ဖြင့် ရောင်းချရသဖြင့် မုန်လာဥစိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(၄၈၅)**



# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## မိတ်ကပ်လိမ်းတဲ့အခါမှာ အသားခြောက်ပြီး မိတ်ကပ်အလွှာမဖြစ်စေမယ့် မိတ်ကပ်လိမ်းနည်း



အခုဆိုရင် အေးမြတဲ့ဆောင်းရာသီမှာ မိတ်ကပ်လိမ်းတဲ့အခါမှာ အသားအရေနဲ့မိတ်ကပ် တစ်သားတည်းမဖြစ်ဘဲ မိတ်ကပ်တွေက သပ်သပ်စီ ကွဲထွက်နေတဲ့အခါမှာ ဘယ်လောက်စိတ်ညစ်စရာကောင်းလဲဆိုတာ အလှအပချစ်တဲ့သူတွေတိုင်း နားလည်ကြမှာပါ။ မိတ်ကပ်လိမ်းတဲ့အခါတိုင်း အသားအရေနဲ့ တစ်သားတည်းမဖြစ်ဘဲ အလွှာလိုက်ဖြစ်တာဟာ အသားအရေခြောက်သွေ့၊ အသားပပ်ပြီး အစိုဓာတ်မရှိတာကြောင့် ဖြစ်ပါတယ်။ ဆောင်းရာသီမှာ လေတိုက်ခြင်း၊ ရာသီဥတု ခြောက်သွေ့ခြင်းတို့ကြောင့် ရေဓာတ်ခန်းခြောက်ပြီး အသားပပ်ခြင်း၊ အသားခြောက်ပြီး ကြမ်းတမ်းခြင်းတွေဖြစ်တာကြောင့် ခါတိုင်းထက် အသားအရေအစိုဓာတ်လုံလောက်စွာရရှိဖို့အတွက် အစိုဓာတ်ဖြည့်ပေးနိုင်တဲ့ Skin care ပစ္စည်းတွေကို ပြောင်းလဲအသုံးပြုပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် နံနက်မျက်နှာသစ်ပြီးတဲ့အခါမှာ အစိုဓာတ်များများပါဝင်တဲ့ Day cream /Skincare တွေနဲ့ Suncream ကို မဖြစ်မနေ လိမ်းပေးရပါမယ်။ ညဘက် ညအိပ်ရာမဝင်ခင်မှာလည်း မိတ်ကပ်၊ ဖုန်မှုန့်နဲ့ အညစ်အကြေးတွေကို သေချာဖျက် သန့်စင်ပြီး အစိုဓာတ်ဖြည့်ပေးနိုင်တဲ့ Night cream/ Skincare တွေကို လိမ်းပေးဖို့ အရေးကြီးပါတယ်။ နောက်ထပ် အရေးကြီးတာကတော့ ဆောင်းရာသီမှာ အေးတာကြောင့် ရေများများသောက်ဖို့ မေ့နေတတ်ကြပြီး ခန္ဓာကိုယ် ရေဓာတ်ပြည့်ဝနေမှ အသားအရေ စိုပြည်မှာဖြစ်တဲ့အတွက် ရေကို တစ်နေ့အနည်းဆုံး နှစ်လီတာ သောက်သုံးပေးဖို့ လိုအပ်ပါတယ်။နောက်ပြီး ခန္ဓာကိုယ် သွေးလည်ပတ်မှုကောင်းဖို့လည်း လိုအပ်တာကြောင့် ကိုယ်လက်လှုပ်ရှားမှု တစ်နေ့ကို အနည်းဆုံး ၁၅ မိနစ်ခန့် ပြုလုပ်ပေးခြင်းက ကျန်းမာရေးအတွက်လည်း ကောင်းသလို အသားအရေ စိုပြည်လှပဖို့အတွက်လည်း အထောက်အကူဖြစ်စေပါတယ်။

**Daisy**

## ကမ္ဘာတစ်လွှား ဝိတ်ချနေတဲ့သူတွေကြားမှာ ရေပန်းစားနေတဲ့ ၁၆/၈ Intermittent Fasting

Intermittent fasting (IF) ဆိုတာ အစားအသောက်ကို ဝတဲ့အထိစားပြီးတဲ့နောက်မှာ ဗိုက်ထဲမှာ ဘာမှမရှိတော့တဲ့အချိန်ထိ အစားရှောင်ခြင်းနည်းလမ်း သို့မဟုတ် အချိန်အတိအကျသတ်မှတ်ပြီး အစာစားခြင်းနည်းလမ်း ဖြစ်ပါတယ်။ ဒီအစားရှောင်ခြင်းနည်းလမ်းမှာ ပုံစံအမျိုးမျိုးရှိပါတယ်။ လူကြိုက်အများဆုံးပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

ဒီနည်းကတော့ ကမ္ဘာတစ်လွှားမှာ ရေပန်းစားပြီးထိရောက်တဲ့ နည်းတစ်ခုပါပဲ။

Time-restricted feeding (TRF)လို့ ခေါ်ပါတယ်။ လူတစ်ဦး တစ်နေ့တာအစာစားတဲ့အချိန်ကို ကန့်သတ်ထားခြင်းဖြင့် ကျန်တဲ့အချိန်မှာ ခန္ဓာကိုယ်ဟာ အနားယူဖို့နဲ့ သန့်စင်ဖို့အချိန်ထွက်လာပါတယ်။ အစာစားတဲ့အချိန်အတိုင်းအတာကို တစ်ရက်မှာ ၁၂ နာရီ ကနေ ၃ နာရီအထိထားဖို့ဖြစ်ပါတယ်။ ယေဘုယျအားဖြင့် ၁၆/၈ လို့ ခေါ်ပါတယ်။ ဆိုလိုတာက ၁၆နာရီ အစားရှောင်ထားပြီး ကျန်တဲ့ ၈နာရီ အကန့်အသတ်ထဲမှာပဲ အစာစားရမှာ ဖြစ်ပါတယ်။




Intermittent Fasting (IF) အစားအသောက်ကို ဝတဲ့အထိစားလိုက်ပြီးတဲ့နောက် ဗိုက်ထဲမှာ ဘာမှမရှိတော့ဘဲ ဝမ်းဟာလာတဲ့အထိ အစာစားခြင်းကို ရပ်ထားတဲ့နည်းလမ်းဟာ ဝိတ်ချတာကို အထောက်အကူပြုပါတယ်။

Time-restricted feeding (TRF) ဆိုတာကျတော့ အချိန်နဲ့အတိအကျ သတ်မှတ်ပြီး အစာစားခြင်းနည်းလမ်းနဲ့ ဝိတ်ချတာ။ ဥပမာ ညစာကို ၆နာရီမှာ နောက်ဆုံးထား စားပြီးတဲ့နောက် အိပ်ရာဝင်တဲ့အထိ ဘာမှထပ်မစားတော့တာမျိုး။ ဒီလိုအလေ့အထမျိုးက ဝိတ်ချတဲ့နေရာမှာ အထူးထိရောက်ပါတယ်။

TRF နဲ့ လုပ်မယ်ဆိုရင်တော့ အစာစားချိန်မှာ စားချင်တာတွေ လျှောက်စားနေမယ့်အစား ကျန်းမာရေးနဲ့ အမှန်တကယ်ညီညွှတ်တဲ့ အစားအစာတွေကို ရွေးချယ် စားသောက်ပေးဖို့တော့ လိုပါတယ်။ ကျန်းမာရေးနဲ့မညီညွှတ်တဲ့ အစားအသောက်တွေဟာ ဝိတ်ချခြင်းကို ဘယ်လိုမှ အထောက်အကူမပြုပါဘူး။ အဲဒါတွေစားပြီး အစားရှောင်နေရင်လည်း ဝိတ်မကျတဲ့အပြင် ကျန်းမာရေးကိုတောင် ထိခိုက်နိုင်ပါသေးတယ်။

**Daisy**

## ဆောင်းရာသီမှာ ကိုရီးယားမလေးလိုဖြစ်စေမယ့် ဦးထုပ်ဖက်ရှင်များ



ဆောင်းတွင်းမှာ ဆွယ်တာ၊ ကုတ်အင်္ကျီ၊ အမွေးပွအင်္ကျီတွေ ဝတ်ပြီး ရှိုးထုတ်ရတာကလည်း ဆောင်းရာသီရဲ့ အငွေ့အသက်တစ်မျိုးပါပဲ။ ဆောင်းရာသီမှာ အနွေးအင်္ကျီတွေအပြင် မာဖလာနဲ့ ဦးထုပ်အလှလေးတွေကို ဆောင်းပြီးတော့ အအေးဓာတ်ကို အန်တုနိုင်တဲ့အပြင် ဖက်ရှင်တစ်ခုအနေနဲ့လည်း ဝတ်ဆင်လို့ရပါတယ်။ ဆောင်းရာသီမှာ ဝတ်ဆင်လို့ရတဲ့ ဦးထုတ်ပုံစံအမျိုးမျိုးရှိတဲ့ထဲမှာမှ ကိုရီးယားမလေးတွေနဲ့ တရုတ်မလေးတွေ ဝတ်ကြသလိုမျိုး ချစ်စရာကောင်းပြီး စတိုင်လ်ကျတဲ့ ဦးထုပ်ပုံစံလေးတွေနဲ့ ဆံပင်ပုံစံလေးတွေကို ပုံနဲ့တကွ ဖော်ပြပေးလိုက်ပါတယ်။ **Daisy**




## အသားအရေကြည်လင်ပြီး (Glow)စေမယ့် သစ်သီးများ

အသားအရေကောင်းပြီး ကြည်လင်လှပဖို့အတွက်ဆိုရင် အသားအရေ ထိန်းသိမ်းစောင့်ရှောက်မှု အမြဲပြုလုပ်ပေးနိုင်ဖို့ လိုပါတယ်။ ပင်ကိုယ်အသားအရေမကောင်းတဲ့သူတွေတောင် အသားအရေ ထိန်းသိမ်းမှုကို အမြဲပြုလုပ်ပေးမယ်ဆိုရင် အသားအရေကောင်းလာမှာ ဖြစ်ပါတယ်။ အသားအရေကောင်းဖို့အတွက် Skin Care တွေကို သေချာအသုံးပြုပေးဖို့လိုအပ်တဲ့အပြင် အစားအသောက်၊ အနေအထိုင်ပေါ်လည်း အများကြီးမူတည်တာမလို့ အသားအရေကြည်လင်လှပစေဖို့အတွက် စားပေးသင့်တဲ့ အစားအစာတွေထဲက အသားအရေကြည်လင်ဝင်းပစေမယ့် သစ်သီးတွေအကြောင်းကို ပြောပြပေးပါမယ်။ လတ်ဆတ်တဲ့ သစ်သီးတွေကို စားသုံးပေးခြင်းက ကျန်းမာရေးအတွက်လည်း ကောင်းမွန်သလို အသားအရေကိုလည်း ကောင်းမွန်စေပါတယ်။ သစ်သီးတွေအများကြီး ရှိတဲ့ထဲကမှ အသားအရေကို သိသိသာသာ ကြည်လင်ဝင်းပလာစေနိုင်တဲ့ အသီးတွေကတော့ လိမ္မော်သီး၊ စတော်ဘယ်ရီ၊ ဘယ်ရီသီး၊ ဆန်းကစ်သီး၊ ကမ္ဘလာသီး၊ သခွားသီး၊ ဖရဲသီးတို့ပဲ ဖြစ်ပါတယ်။ အဲဒီသစ်သီးတွေက Vitamin-C ကြွယ်ဝစွာ ပါဝင်တဲ့အတွက် အသားအရေ ကြည်လင်ဝင်းပစေနိုင်ပြီး ကိုယ်ခံအား ကောင်းစေတာကြောင့် များများစားသုံးပေးသင့်ပါတယ်။ သစ်သီးတွေကို ကြိတ်ချေပြီး သကြားရည်နဲ့ ရောထားတဲ့ သစ်သီးဖျော်ရည်တွေကတော့ သကြားပါဝင်မှုများတာကြောင့် အသားအရေကောင်းမှာ မဟုတ်တဲ့အတွက် သစ်သီးတွေကို ဒီအတိုင်းအခွံခွာပြီး စားသုံးပေးဖို့လိုပါတယ်။ **Daisy**

## ရိုးရှင်းပြီး အရွယ်သုံးပါးမရွေး လိုက်ဖက်တဲ့ Waistcoat(Vest)

ခေတ်တွေဘယ်လောက်ပဲ ပြောင်းပြောင်း ဆောင်းရာသီဖက်ရှင်အတွက် ရိုးမသွားတဲ့ဖက်ရှင်ကတော့ ဆွယ်တာ Waistcoat(Vest) အင်္ကျီတွေပဲ ဖြစ်ပါတယ် ။ Waistcoat(Vest) အင်္ကျီတွေဟာ လူကြီး၊ လူငယ်၊ ယောက်ျား၊ မိန်းမ မရွေး ဘယ်သူနဲ့မဆို လိုက်ဖက်တဲ့ဖက်ရှင်တစ်ခုဖြစ်ပြီး ဝတ်ထားရင် နွေးပြီး ရိုးရိုးရှင်းရှင်းလေးနဲ့ စတိုင်လ်ကျ လှပစေတာကြောင့် အခုလို အေးချမ်းလှတဲ့ ဆောင်းရာသီမှာ ဝတ်ဆင်သင့်တဲ့ ဖက်ရှင်ဖြစ်ပါတယ်။ ရှပ်အင်္ကျီကိုဝတ်ပြီး အပေါ်ကနေ ဆွယ်တာ Waistcoat(Vest) ထပ်လိုက်မယ်ဆိုရင် ပေါ့ပေါ့ပါးပါးနဲ့ စမတ်ကျပြီး အလုပ်၊ ရုံး၊ ကျောင်း ထသွားထလာ စသည်ဖြင့် ဘယ်နေရာမဆို ဝတ်ဆင်လို့ရတဲ့ ဖက်ရှင်မျိုးဖြစ်ပါတယ်။ စတစ်ကာ၊ စီးကွင့်နဲ့ ဒီဇိုင်းပုံဖော်ထားတာမျိုးမဟုတ်ဘဲ ရိုးရှင်းတဲ့ မည်သည့်အင်္ကျီနဲ့မဆို Waistcoat (Vest)ကို တွဲဖက်ဝတ်ဆင်နိုင်တာကြောင့် တစ်ထည်လောက်တော့ ရှိထားသင့်ပါတယ်။




**Daisy**

# (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ



**နတ်မောက် ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့က လူထုအခြေပြုဗဟိုဌာန (Community Centre)၌ကျက်စုံသုံး ခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်ကစာပေ လေ့လာဖတ်ရှုသည့် အလေ့အကျင့် ကောင်းများရရှိစေရန်၊ အနာဂတ်တွင် အသိပညာဗဟုသုတကြွယ်ဝသည့်နိုင်ငံ့သားကောင်းများပေါ်ထွန်းလာစေရန်နှင့် လွတ်လပ်ရေးနေ့အကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ပြိုင်ပွဲကိုကျင်းပရာ 'ရှေ့သို့ချီမည်ပန်းတိုင်ဆီ' ခေါင်းစဉ်ဖြင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲသို့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည် ဖြစ်သည်။

**(အပေါ်ဝဲပုံ) လှဝင်း**

# လွတ်လပ်ရေးနေ့အကြိုအဖြစ် နံရံကပ်စာစောင် ပြသ

**မိုးနဲ ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ် ဥယျာဉ်ရပ်ကွက် ဌာနစုပေါင်းရုံးဝင်းအတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးရှေ့မြေစိုက်နံရံကပ်ပြဘုတ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုအဖြစ် နံရံကပ်စာစောင်ပြသခဲ့ကြသည်။



အဆိုပါ မြေစိုက်နံရံကပ်ပြဘုတ်တွင် လွတ်လပ်ရေးရရှိအောင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့သော အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဗြိတိန်နိုင်ငံသို့ သွားရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ၊ တပ်မတော်တွင်ပါဝင်ဆောင်ရွက်ခဲ့သည့်မှတ်တမ်းဓာတ်ပုံများပါရှိသော နံရံကပ်စာစောင်ကိုပြသခဲ့ရာကျောင်းသား၊ ကျောင်းသူလေးများက ကြည့်ရှုလေ့လာခဲ့သည်။ ထိုသို့ နံရံကပ်စာစောင် ပြသလိုက်ခြင်းကြောင်း ကြည့်ရှုခဲ့သော ကျောင်းသား၊ ကျောင်းသူလေးများ လမ်းသွားလမ်းလာ ပြည်သူများအနေဖြင့် တွေ့မြင်လိုက်ခြင်းကြောင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာခြင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများကို ပြန်လည်သတိတရရှိနေစေခြင်း၊ နေ့ကြီးရက်ကြီးများကို ပြန်လည်အမှတ်ရနေစေခြင်း စသည့် အကျိုးကျေးဇူးများရရှိမည် ဖြစ်သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ရုံးရှေ့မြေစိုက်နံရံကပ်ပြဘုတ်တွင် နိုင်ငံတော်၏ဆောင်ရွက်လျက်ရှိသည့် ရေးလုပ်ငန်းစဉ်များ၊ လက်တလောဖြစ်ပေါ်နေသည့် အကြောင်းအရာများ၊ အများပြည်သူများ သိသင့်၊ သိထိုက်သည့် ကျန်းမာရေးနှင့် ပတ်သက်သည့်အကြောင်းအရာများနှင့်ဗဟုသုတရရှိစေမည့်အကြောင်းအရာများကို အချိန်နှင့်တစ်ပြေးညီ ပြသဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ) မြို့နယ်(ပြန်/ဆက်)**

# အဆုတ်တီဘီရောဂါရှာဖွေရေးလှုပ်ရှားမှု ဆောင်ရွက်

**မိုင်းစံ ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအခြေပြု အဆုတ်တီဘီရောဂါရှာဖွေရေးလှုပ်ရှားမှုကို ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

မိုင်းစံမြို့ တိုက်နယ်ဆေးရုံမှ ဒေါက်တာသူရကိုကိုနှင့် ကျန်းမာရေးဌာနမှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား မိမိတို့မိသားစုအတွင်း တီဘီဆေးသောက်သုံးနေရသူများ ရှိ၊ မရှိ မေးမြန်းခြင်း၊ တီဘီရောဂါ သံသယလက္ခဏာများ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၀ ဦးအား အဆုတ်တီဘီရောဂါ ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**
**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*




ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊
စာပေ
လေ့လာစို့။


ဖတ်စရာ၊ မှတ်စရာ
စုံလင်


# လွတ်လပ်တိုင်းပြည် အေးငြိမ်းတည်အုံ့

* လွတ်လပ်တို့ပြည် ငါတို့မြေသည်
ရှည်တည်သမိုင်း ခန့်တံတိုင်းနှင့်
အနိုင်းကင်းကွာ မြန်ပြည်သာဟု
နွယ်ပါတိုင်းသား တောင်ပေါ်အားနဲ့
မနားမြေပြန့် ပြည်လုံးသန့်သည်
ခန့်လုတို့ပြည် မြန်မာပြည် တည့်။

* ကြည်နူးသာယာ မြန်မဟာသည်
မြန်ပါသွက်လက် တခ်နချက်နှင့်
တွယ်ယှက်ခိုင်မာ တည်ကြည်ပါ၍
မြန်မာ့တွင်သား သညာ့အားဖြင့်။

* တို့ပြည်သာယာ ပြည်ဝန်းမှာလေ
ရေချင်းတွင်း သံလွင်မင်းနှင့်
အခင်း့စစ်တောင်း မြစ်ဝှမ်းပေါင်းတို့
မနှောင်းပြည့်နက် ချောင်းမြစ်ယှက်သည်
အတွက်စိုက်ပျိုး မြေဆီတိုး၍။

* ငါတို့နိုင်ငံ ပုံသဏ္ဌာန်ကား
အမှန်အာရှ ရှေ့တောင်ကျ၍
အလှချက်ခြာ ဒေသမှာလေ
မကွာကူးသန်း ရေကြောင်းလမ်းနှင့်
မပန်းယှက်ဖြာ ကုန်းကြောင်းသာသည်
တို့မှာဆက်သွယ် ဒေသနယ်သို့။

* ချစ်စရာ့မြေ ငါတို့ပြေ(ပြည်)သည်
မသွေယဉ်ကျေး အနုတေးနှင့်
အရေးသုခ တိုင်းပြည်ပြုကာ
အထုကြီးမား စဉ်လာအားနှင့်
မနားကိုယ်ပိုင် ကြံ့ကြံ့ခိုင်ခဲ့။

* အချုပ်အချာ လွတ်လပ်သာသည့်
မြန်မာတို့ပြည် ရွှေတိုင်းရည်မို့
အသည်တိုင်းသား မြန်ပြည်သားတို့
မနားအေးချမ်း ငြိမ်းချမ်းကမ်းရည်
လမ်းပန်းလုံခြုံ ဝမ်းရေးတုံ့လည်း
သွေတုံ့ကင်းကင်း ရန်ပေါင်းရှင်း အုံ့။

* စားဝတ်နေပုံ အရေးစုံတို့
ကုံလုံပြည့်ဝ ပေါကြွယ်လှပြင်
ကင်းပရန်ဟူ ရှင်းစေမှုသား
ကူကြထူကြ ပြည်လည်းလှရည်
မဆွရည်မှန်း ကျွန်တမ်းတသည်
လွတ်လမ်းသာမည် ငါတို့ပြည်တည့်။ ။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အား ဂုဏ်ပြုပါသည်။

**ရေချမ်း မန်း**

## သတင်းပဒေသာ

### ဘုရားစေတီရှေးမူမပျက် ဘက်စုံပြုပြင်နိုင်ရေးကြည့်ရှု

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ်၊ ဥယျာဉ်ရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် ဆင်တောင်(လွိုင်စန့်) ဘုရားစေတီရှေးမူမပျက် ဘက်စုံပြုပြင်နိုင်ရေးအတွက် ရှမ်းပြည်နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပြည်နယ် ညွှန်ကြားရေးမှူး ဦးဘုန်းကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဂေါပကဥက္ကဋ္ဌ ဦးတိုးလှနှင့် ဆင်တောင်(လွိုင်စန့်) ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးစိုင်း မောင်ကြီးတို့က ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီတွင် ကြည့်ရှုခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### မော်တော်ဆိုင်ကယ် စက်ပြင်သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

ပြည်နယ်တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာနနှင့် လွိုင်ကော်မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပေါင်းစပ်၍ ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးနှင့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက်ရည်ရွယ်၍ မော်တော်ဆိုင်ကယ် စက်ပြင်သင်တန်း ဖွင့်ပွဲ အခမ်းအနားအား ယမန်နေ့ နံနက် ၉ နာရီက လွိုင်ကော်မြို့၊ ဒေါတမရပ်ကွက်ရှိ အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာန လေ့ကျင့်ပျိုးထောင်ရေးစင်တာ သင်တန်းခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ

တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ် မြို့မဈေးကြီးအတွင်း ဌာနဆိုင်ရာအဖွဲ့များမှ ကွင်းဆင်းစစ်ဆေးခြင်းနှင့် မြို့မဈေးကြီးရှေ့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြသမှုကို ယမန်နေ့ နံနက် ၈ နာရီက ဈေးသူ၊ ဈေးသားများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ယု၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာအဖွဲ့များက ဈေးသူ၊ ဈေးသားများအား စနစ်တကျ ရောင်းဝယ်ဖောက်ကားမှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိသတိရှိကြစေရန်၊ မီးဘေးအန္တရာယ်ကြုံလာပါက လက်တွေ့လုပ်ဆောင်နိုင်စေရန် ရည်ရွယ်၍ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာအဖွဲ့တို့ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြသကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများ ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၂၇ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲအား မြို့နယ်ပညာရေးမှူး ဦးသိန်းထွန်းဦးနှင့် တာဝန်ရှိ ဆရာ၊ ဆရာမများက ကြီးကြပ်၍ အထက်တန်းဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ၉ ဦး၊ ကဗျာပြိုင်ပွဲတွင် ၁၀ ဦး၊ အလယ်တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၁၅ ဦး၊ ကဗျာပြိုင်ပွဲတွင် ၄ ဦး၊ မူလတန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၁၂ ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၅၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## မဟာမုနိဘုရားကြီးရွှေသင်္ကန်းကပ်လှူရန်နှင့် ဘက်စုံပြုပြင်ရန်ငွေများ လာရောက်လှူဒါန်း



**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရန်၊ ရွှေသင်္ကန်းကပ်လှူရန်ငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။ ဒီဇင်ဘာ ၃၀ရက် နံနက်ပိုင်းက ရွှေသင်္ကန်းကပ်လှူရန်အတွက် ရန်ကုန်မြို့နေ မောင်အောင်ခေတ်မင်းမှ ငွေကျပ်ငါးသိန်း၊ မဆုသျှားလှဲဇော် (အ·ထ·က(၂)မင်္ဂလာဒုံ)မှ ဘက်စုံပြုပြင်ရန် ငွေကျပ်ငါးသိန်း၊ ရွှေသင်္ကန်းကပ်လှူရန် ဦးသိန်းအောင် + ဒေါ်ကျင်ရွှေမိသားစုက ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ် (၁၁)သိန်းတို့ကိုလည်းကောင်း၊ မဟာမုနိဘုရားကြီး ငွေပဒေသာပင်အတွက် ရန်ကုန်မြို့နေ ဒေါက်တာရီဝင်း + ဒေါက်တာနီလာမိသားစုမှ ငွေကျပ်သုံးသိန်း၊ ဦးဖုန်းကျော်စိုး + ဒေါ်ပပသင်းမိသားစုက ငွေကျပ်သုံးသိန်းတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (ဝဲပုံ)

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် 08730 206100449101နှင့် UABဘဏ် ငွေစာရင်းအမှတ် 01 7130 1000 12259 နှင့် နိုင်ငံခြားငွေစာရင်း အမှတ် 01 7012 1000 00750 နှင့် ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၈၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကဆ)

## မြစ်သားဘိုးဘွားရိပ်သာ လျှပ်စစ်မီး လုံလောက်စွာသုံးစွဲနိုင်ရန် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးစနစ် တပ်ဆင်လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်ရှိ မြစ်သားဘိုးဘွားရိပ်သာမှ ဘိုးဘွားများ စိတ်အေးချမ်းသာပြီး အဆင်ပြေနေနိုင်ရန်နှင့် ဘိုးဘွားရိပ်သာတွင် နေ့၊ ည လျှပ်စစ်မီး လုံလောက်စွာသုံးစွဲနိုင်ရန်အတွက် ဒီဇင်ဘာ ၃၀ ရက်က မန္တလေးမြို့၊ ကျွဲဆည်ကန်(၂)လမ်းနေ ကွယ်လွန်သူမိဘများဖြစ်သော ဦးညွန့်တင်နှင့် ဒေါ်ခင်မြမြတို့အား ရည်စူး၍ ခေတ္တ ကျော်ဒန်နိုင်ငံနေ ဒေါက်တာမင်းထွဋ်ယဉ် + ဒေါ်ချိုမာဦးမိသားစုက ငွေကျပ်သိန်း ၁၇၀ တန် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးပေးစနစ်(ဆိုလာ)များ ကုသိုလ်ပြု လှူဒါန်းခဲ့သည်။

မြစ်သားဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအတွက် လှူဒါန်းလိုပါက ရိပ်သာအုပ်ချုပ်ရေးမှူး ဖုန်း ၀၉-၄၄၄၀၃၄၈၇၆ နှင့် ကြီးကြပ်ရေးမှူး ဖုန်း ၀၉-၄၂၉၁၆၂၈၅၁ နှင့် Viber ဖုန်း ၀၉-၄၄၄၀၃၄ ၈၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)





## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေလှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် ကွယ်လွန်သူ (ဖခင်ကြီး)ဦးတင်လှ + (မိခင်)ဒေါ်သိန်းညွန့် ရည်စူး၍ (အဒေါ်)ဒေါ်သိန်းမြင့်၊ ဒေါ်ရီ၊ အစ်ကို၊ အစ်မများ အမှူးထားပြီး ကိုစိုင်း(ရွှေတောင်)လယ်ယာသုံးပစ္စည်း ရောင်းဝယ်ရေးမှ ဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ် ငါးဆယ့်လေးသိန်းခုနစ်သောင်းကို ယမန်နေ့က လှူဒါန်းရာ နာယက ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာဦးမိတ်၊ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ ခေါင်းဆောင် သုခမ္မမဏိဇောတာရေ ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် တာဝန်ရှိသူတို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉-၄၀၂၆ ၂၆၃၂၄ သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

## မြစ်သားမြို့နယ် ရွှေမုဏ္ဍောဘုရားပိုင်မြေနေရာတွင် ကွန်ကရစ်လမ်း ဆောက်လုပ်လှူဒါန်းပေး



**မြစ်သား ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ရှမ်းပွဲရပ်ကွက်အတွင်းရှိ ရွှေမုဏ္ဍောဘုရားပိုင်မြေနေရာ၌ ကွန်ကရစ်လမ်းဟောင်း ပြန်လည်ပြုပြင် ဆောက်လုပ်ပြီးစီးမှုကို ယမန်နေ့ နံနက်ပိုင်းက အလှူရှင် ဦးမျိုးသူဝင်းနှင့် ဒေါ်မာမာမြင့်မိသားစုများက ရွှေမုဏ္ဍောဘုရားတွင် လမ်းဖောက်လုပ်ရန်အတွက် လှူဒါန်းပေးခဲ့သည်။

ထိုသို့ ကွန်ကရစ်လမ်းဟောင်း ပြုပြင်ပေးရာတွင် ရွှေမုဏ္ဍောဘုရားကွင်း မြောက်ဘက်ခြမ်းမှစတင်၍ ဘုရားကွင်းအလယ်ထိ ကွန်ကရစ်လမ်း အရှည် ပေ ၅၀၀ ရှိပြီး လမ်း၏အကျယ်မှာ ၁၂ ပေရှိကာ လမ်း၏ကွန်ကရစ်ထုထည်မှာ ၆ လက်မရှိကြောင်း ကွန်ကရစ်လမ်း၏ ကုန်ကျစရိတ် ငွေကျပ် သိန်း ၁၂၀ ခန့် ကုန်ကျကြောင်း ရွှေမုဏ္ဍောဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။ (အပေါ်ပုံ)

# သတိပြုဖွယ် သတင်းနယ်ပယ် (၉)

နိုင်ဗလ

စာအုပ်တစ်အုပ်ကို ဖတ်မည်ဆိုလျှင် အလျင်ဦးစွာ စာအုပ်အမည်(ခေါင်းစဉ်)ကို ဦးစွာကြည့်သည်။ ထိုသို့ ကြည့်လိုက်သည်နှင့် အကြမ်းအားဖြင့် မည်သည့်အကြောင်းအရာ ရေးသည်၊ မည်သည့်ပညာရပ်ဆိုင်ရာ စာအုပ်ဖြစ်သည် ဆိုသည်ကို လှေ့လာသိရှိနိုင်သည်။ စာအုပ်အမည်ကို စိတ်ဝင်စားသွားလျှင် စာရေးသူအမည်ကို ကြည့်သည်။ စာရေးသူက ထင်ရှားကျော်ကြားသူ၊ စာအုပ်အမည်ကိုလည်း စိတ်ဝင်စားပြီဆိုလျှင် အမှာစာများကို ဖတ်သည်။ အမှာစာများတွင် စာအုပ်နှင့်ပတ်သက်သော ဝေဖန်ချက်နှင့် အညွှန်းကို တိုတိထိမိစွာ ရေးသားဝေဖန်ထားကြသည်။ စာအုပ်ပါအကြောင်းအရာကို အလွယ်တကူ သိနိုင်သည်။ ပြီးလျှင် မာတိကာပါက မာတိကာကိုကြည့်သည်။ ဆောင်းပါးပေါင်းချုပ်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ် စသည်ဖြင့်ဆိုလျှင် စိတ်အဝင်စားဆုံး ခေါင်းစဉ်စာမျက်နှာကို ကြည့်၍ အကြမ်းဖတ်သည်။ ထိုသို့ တစ်ပုဒ်၊ နှစ်ပုဒ်ခန့် အကြမ်းကြည့်ပြီးလျှင် ထိုစာအုပ်ကို ဖတ်မည်(သို့မဟုတ်)ဝယ်မည်ဟု ဆုံးဖြတ်သည်။ လုံးချင်းဖြစ်သောဝတ္ထု၊ ပညာရပ်တစ်ခုအကြောင်း ရေးသောစာအုပ်မျိုးကိုမူ နိဒါန်း၊ စာကိုယ်၊ နိဂုံးပိုင်းတို့ကို လေးငါးဆယ်ရွက်ခန့် စာမြည်းပြီးမှ ဝယ်ရန်၊ ဖတ်ရန် ဆုံးဖြတ်သည်။ ငှားရမ်းသောစာအုပ်များကိုသာ နေ့ချင်း အလျင်အမြန် ဖတ်ရှုတတ်သော်လည်း ကိုယ်ပိုင်အဖြစ် ဝယ်ယူလာသော စာအုပ်များသည် စာအုပ်စင်ပေါ်သို့ ဦးစွာရောက်ရှိသွားသည်။ မိမိအားလပ်ချိန်ရောက်မှ ယူငင်ဖတ်ရှုသည်။ ယနေ့မပြီးလျှင် နောက်နေ့ဆက်ဖတ်သည်။ အချိန်ရလျှင်မူ တစ်ထိုင်တည်းပြီးအောင်ဖတ်သည်။ အချို့စာအုပ်တို့မှာ မဖတ်ဖြစ်သေးပဲ စာအုပ်စင်ပေါ်တွင်သာ ရှိနေသေးသည်။

မဂ္ဂဇင်းဖတ်လျှင် ကဗျာနှင့်ကာတွန်း ဦးစွာကြည့်သည်။ ပြီးလျှင် ဝတ္ထုကဏ္ဍဖတ်သည်။ ပြီးမှ အခြားကဏ္ဍကို ကြည့်သည်။ စာမြည်းချိန်မှလွဲ၍ တစ်ထိုင်တည်း တစ်ဆက်တည်း ဖတ်လေ့ရှိသည်။ အချိန်မရလျှင် နောက်နေ့ ဆက်ဖတ်သည်။ သတင်းစာနှင့် ဂျာနယ်ဖတ်လျှင်မူ ထိုသို့မဟုတ် ယနေ့ထုတ်သတင်းစာနှင့် ဂျာနယ်ကို ယနေ့ဖတ်ချင်သည်။ ချက်ခြင်း သိချင်ကြသည်။ ဖြစ်နိုင်လျှင် နံနက်အိပ်ရာမှ နိုးနိုးခြင်းဖတ်ချင်ကြသည်။ ယနေ့ခေတ်အခြေအနေအရ အီလက်ထရောနစ် မီဒီယာထွန်းကားနေသဖြင့် သတင်းပျံ့နှံ့မှု မြန်ဆန်သဖြင့် ယနေ့သတင်းကို ယနေ့သိချင်ကြသည်။ ပုံနှိပ်မီဒီယာကိုလည်း လက်ဆုပ်လက်ကိုင် အကိုးအကားမီဒီယာဖြစ်သဖြင့် လက်မလွှတ်နိုင်ကြပေ။ နံနက်ခင်းတွင် စောနိုင်သမျှ စောစွာ သတင်းစာ၊ဂျာနယ်တို့ကို ဖတ်သည်။ ထိုသတင်းစာ၊ဂျာနယ်တို့ကို ကိုင်၍ ဆွေးနွေးကြသည်။ ထူးခြားသည့်သတင်းပါလျှင် သီးခြားသိမ်းထားကြသည်။ ဥပမာ- ဖောက်ကလင်စစ်ပွဲ စဖြစ်ကတည်းက နေ့စဉ်သတင်းစာကို စိတ်ဝင်တစားဖတ်ကြသည်။ စတင်ဖြစ်ပွားသည့်နေ့တွင် တစ်ကမ္ဘာလုံး စိတ်အဝင်စားဆုံးမှာ ထိုသတင်းပင်ဖြစ်သည်။ နောက်နေ့တွင် ဖြစ်ပွားရသည့် နောက်ခံသတင်းများနှင့် စစ်ပွဲဆုံးရှုံးရမှုများ သတင်းပါလာသည်။ နောက်ရက်ဆက်၍ မည်သို့တိုက်သည်။ မည်သည့်ဆုံးရှုံးမှုများပါသည်ကို ဖတ်ကြရပြန်သည်။ မည်သို့ ဆက်ဖြစ်နိုင်သည်ကိုလည်း သုံးသပ်ပြထားကြသည်။ ထိုဖြစ်စဉ် သတင်းစာ၊ ဂျာနယ်များကို စနစ်တကျသိမ်းထားသော သတင်းသမားသည် စစ်ပွဲကြီးပြီးဆုံးသည်နှင့် ယခင်သတင်းစာဟောင်းများကို ကိုးကား၍ စစ်ပွဲဆိုင်ရာ အစအဆုံးဖြစ်ပွားသည့် နောက်ခံအကြောင်းအရင်းမှစ၍ စိတ်ဝင်စားဖွယ်ဆောင်းပါးရှည်(သို့)စာအုပ်တစ်အုပ်ကို ချက်ခြင်းဖန်တီးနိုင်သည်။ထိုဆောင်းပါး၊ စာအုပ်သည်လည်း လူစိတ်ဝင်စားမှု များပြားသဖြင့် အောင်မြင်သည်သာ ဖြစ်သည်။

အမေရိကန် အဆောက်အအုံ ညီနောင်အားလေယာဉ်ဖြင့် တိုက်ခိုက်ခံရသောအချိန်က မြန်မာပြည်ထုတ် သတင်းစာဂျာနယ်တို့ထက် မန္တလေးနေ့စဉ်သတင်းစာတိုက်က ဦးစွာ ဖော်ပြနိုင်ခဲ့သည်။ ပျက်စီးဆုံးရှုံးမှုသတင်းများလည်း ဦးစွာ ဖော်ပြနိုင်ခဲ့သည်။ထိုစဉ်က နိုင်ငံတကာသတင်းနှင့် ပြည်တွင်းသတင်းအချို့ကို ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်သည်ကို ကက်ဆက်ဖြင့် အသံဖမ်း၊ ပြီးမှ သတင်းကူး သတင်းရေးရသော အနေအထားမျိုးဖြစ်သည်။ အချို့ဓာတ်ပုံများရရန် TV မှ စောင့်ကြည့်၍ ဓာတ်ပုံရိုက်ရသည်အထိ ကြံဖန်ကြိုးစားခဲ့ကြရသည်။ထိပ်တန်းသတင်းဖြစ်သော အဆောက်အအုံညီနောင် တိုက်ခိုက်ခံရမှုသတင်းအား အခြားသတင်းစာများထက် ခြေတစ်လှမ်းအသာဖြင့် မန္တလေးနေ့စဉ်သတင်းစာတိုက်က ပြည့်စုံစွာ ဖော်ပြပေးနိုင်ခဲ့သည်။ မန္တလေးနေ့စဉ်သတင်းစာထုတ်ဝေရသော စောင်ရေလည်း တဟုန်ထိုး တိုးတက်ခဲ့သည်။ ထိုစဉ်က ဘာသာပြန်အယ်ဒီတာမှာ မောင်သင်း(အင်္ဂလိပ်စာ)ဖြစ်သည်။ သတင်းစာလုပ်ငန်း သတင်းစာဆရာဘဝကို မြတ်နိုးလွန်းသောကြောင့် တက္ကသိုလ်ဆရာဘဝကို လက်လွှတ်၍ သတင်းစာဆရာဘဝကို ခံယူခဲ့သူဖြစ်သည်။ သတင်းစာဆရာဘဝတွင်လည်း နိုင်ငံတကာသတင်းအဆက်မပြတ်ရအောင် ရေဒီယိုနှင့်နားပြတ်သည်မရှိအောင် နားထောင်သတင်းယူနေလေ့ရှိသူတစ်ဦးလည်းဖြစ်သည်။ နေ့ခြင်း၊ ညခြင်း သတင်းမွတ်သိပ်နေသော သတင်းစာဖတ် ပရိသတ်အတွက် သတင်းသမားများ၊ သတင်းစာဆရာများ၏ ပေးဆပ်ရမှုကလည်း များလှသည်။

**ထိုစဉ်က မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ဝင်ရောက်လာကြသည့် အယ်ဒီတာအဖွဲ့ထဲမှ အများစုသည် သတင်းစာဆရာဘဝမရောက်ခင်ကတည်းကပင် စာပေလမ်းကြောင်း၊ စာပေရေစီးကြောင်းတွင် ငယ်စဉ်ကတည်းက လျှောက်လှမ်းခဲ့ကြသော စာရေးဆရာဖြစ်ခဲ့ပြီးသူများသာဖြစ်သည်**ကို လေ့လာတွေ့ရှိရသည်။ မန္တလေးမြို့တော်၏ သတင်းစာများ ပျောက်ပျက်ရပ်နားခဲ့ရပြီးနောက် တစ်ဖန်ပြန်လည်ပေါ်ပေါက်လာသော အရပ်ဖက်သတင်းစာဖြစ်သဖြင့် လူထုကလည်း စိတ်ဝင်စားသည်။ စာပေရေးသားခြင်းနှင့် သတင်းတွင် ရူးသွပ်စွဲလမ်းစိတ်ဝင်စားသူ အများအပြားပါဝင်ခဲ့သည်။ လုပ်လက်စလုပ်ငန်းများ စွန့်လွှတ်၍ သတင်းစာတိုက်သို့ ရောက်ခဲ့ကြသည်။ ဆရာကြီးနတ်မောက်ထွန်းရှိန်နှင့် ဂုဏ်ယူစွာလက်တွဲခဲ့ကြသည်။ အယ်ဒီတာစိုးနိုင်ဆွေ(နိုင်စေရ-မန်းတက္ကသိုလ်)သည် ကျောင်းဆရာဘဝကို စွန့်လွှတ်၍ သတင်းစာအယ်ဒီတာဘဝကို ခံယူခဲ့သည်။ ကိုရွှေမော်(မြောက်ပြင်တော်)ကလည်း ကိုယ်ပိုင်လုပ်ငန်းကို စွန့်၍ သတင်းစာအယ်ဒီတာဘဝခံယူခဲ့သည်။ ကိုကိုနိုင်(နိုင်ဗလ)ကလည်း မိဘလက်ငုတ်လုပ်ငန်း ကျောက်မျက်တူးဖော်ရေး(မိုးကုတ်)နှင့် ပရိဘောဂလုပ်ငန်း၊ ကုမ္ပဏီမန်နေဂျာလုပ်ငန်းတို့ကို စွန့်၍ သတင်းစာအယ်ဒီတာဘဝ ခံယူခဲ့သည်။ ဆရာဦးနီ(ရွှေမာနီလေး)ကလည်း မျက်လုံးတစ်ဖက်မကောင်း၊ အသက်အရွယ်ကြီးရင့်နေသော်လည်း သတင်းစာအယ်ဒီတာအဖြစ်လာရောက်ပေးဆပ်ခဲ့သည်။ နောက်ပိုင်း ထပ်မံအားဖြည့်ဝင်ရောက်လာခဲ့သော ကိုအောင်မြင့်(သွယ်အောင်၊ စွာစော်ကဲ)သည်လည်း GTI ကျောင်းဆရာဘဝကို စွန့်၍ သတင်းစာအယ်ဒီတာဘဝကို ခံယူခဲ့သည်။ ဦးကိုကိုကြီးကလည်း ကျောင်းဆရာဘဝကို စွန့်၍ အယ်ဒီတာဖြစ်လာသူတစ်ဦးဖြစ်သည်။ ထိုကဲ့သို့ စာပေနယ်ပယ်နှင့် ဝန်ထမ်းဘဝ၊ ပြင်ပစီးပွားရေးနယ်ပယ်တို့တွင် ကျင်လည်အတွေ့အကြုံရှိသူများက အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သော မန္တလေးနေ့စဉ်သတင်းစာတိုက်ဖြစ်သည်။ သတင်းစာအယ်ဒီတာဘဝသည် လွယ်လွယ်ဖြင့် လျှောက်လှမ်းခဲ့ကြရသည်မဟုတ်။ (တာဝန်ထမ်းကြသည်ဆိုရာဝယ်တွင် ဖော်ပြပါမည်)။ ငွေကြေးအနေဖြင့်လည်း သာမန်ဝန်ထမ်းလစာမျှသာရပြီး နေ့မအား၊ ညမနား၊ အအိပ်ပျက်၊ အစားပျက်လုပ်ကိုင်ခဲ့ရခြင်းဖြစ်သည်။ မိသားစုတာဝန်နှင့် မိသားစုအရေးကို ဦးစားမပေးဘဲ လုပ်ငန်းတာဝန်များတွင်သာ နစ်မြုပ်နေရသောဘဝကို ဖြတ်သန်းခဲ့ရသည်။

**မန္တလေးနေ့စဉ်သတင်းစာ စတင်စဉ်ကာလက လုပ်ငန်းတာဝန်ခွဲဝေလုပ်ကိုင်မှုရှိခဲ့သော်လည်း ခေတ်စနစ်နှင့် လုပ်ငန်းလိုအပ်ချက်အရ သတင်းစာတိုက်ကိစ္စအတော်များများ အယ်ဒီတာက တာဝန်ခံပေးခဲ့ရသည်။ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နှင့်** VIP **သတင်းတို့ကို ရယူရန်အတွက် အယ်ဒီတာကိုယ်တိုင် စက်ဘီးတစ်စီးဖြင့် သွားလာလှုပ်ရှားခဲ့ရသည်။ သတင်းပေးသော တာဝန်ခံကလည်း အယ်ဒီတာ၏ လက်ထဲသာ သတင်းကို တိတိကျကျအပ်သည်။ ဖုန်းဆက်လျှင်လည်း အယ်ဒီတာနှင့်သာ ပြောဆိုသည်။ ထို့ကြောင့် အယ်ဒီတာမှာ သတင်းစာတိုက်တာဝန်အပြင် ဆက်သားတာဝန်ကိုပါ ပို၍ထမ်းဆောင်ခဲ့ရသည်။ တစ်ခါတစ်ရံညတွင် တစ်ဦးတည်း တိုင်းစစ်ဌာနချုပ်၊ ကိုယ်ပွားတိုက်၊ မိတ်ဖက်ရတနာပုံသတင်းစာတိုက်တို့သို့ ညဘက် မိုးရွာရွာ၊ လေတိုက်တိုက် တစ်ဦးတည်း စက်ဘီးဖြင့် သွားရင်း နံနက် ၂ နာရီခန့်ထိ လမ်းပေါ်တွင်ရှိနေတတ်သည်။ လမ်းပေါ်မှလူရမ်းကားတို့၏ ရန်ပြုခြင်းလည်း ခံခဲ့ရသည်။** မီးမရှိသောလမ်းမပေါ် မှောင်နှင့်မည်းမည်းတွင်သွားရင်း စည်းကမ်းမဲ့လွှတ်ထားသော နွားများ၊ လမ်းပေါ်တွင် အိပ်နေသည်ကို မမြင်၍ ဝင်တိုက်မိသော အကြိမ်က မနည်း၊ နွားကိုတိုက်ပြီး VIP သတင်းဓာတ်ပုံကျကျန်ခဲ့၍ ရုံးသို့ ဓာတ်မီးပြန်ယူပြီး ရှာဖွေရသည်မှာလည်း အကြိမ်ကြိမ်၊ ခွေးလေခွေးလွင့်များကလည်း ၎င်းတို့ပိုင်နက် လမ်းပေါ်တွင် တစ်ဦးတည်း သွားလာနေ၍ လိုက်လံရန်ပြုသဖြင့် အလဲလဲ၊ အကွဲကွဲ ပြေးရသည်ကလည်း အလီလီကြုံခဲ့ရသည်။

**တစ်ညလုံး ပင်ပန်းကြီးစွာ သတိကြီးစွာဖြင့် မကြောက်မလန့်နိုင် လှုပ်ရှားသတင်းယူပြီး သတင်းစာတိုက်ရောက်လျှင် စာဖောင်များအားသေချာစွာ စိစစ်ရသေးသည်။ စာဖောင်များစစ်ဆေးရာတွင် အမှားအယွင်း၊ အကျအပေါက်ရှိက နံနက်ခင်း အိပ်စက်အနားယူရန် မစဉ်းစားနှင့်။ ဖြေရှင်းရသေးသည်။** ထို့ပြင် အချို့သတင်းများအတွက် တပ်မတော်ထောက်လှမ်းရေးတပ်(အမရပူရ)တွင် မအိပ်မနေ သွားရောက်ဖြေရှင်းရသေးသည်။ ထိုစဉ်က အယ်ဒီတာဘဝကို လုပ်ကိုင်နေသော အယ်ဒီတာများမှလွဲ၍ မည်သူမျှ စိတ်မဝင်စားခဲ့ကြပေ။ ထိုစဉ်က အယ်ဒီတာဆိုသည်မှာ စာလည်းရေးတတ်ရသည်။ လူမိုက်မကြောက်၊ နာနာဘာဝမကြောက်၊ ညလည်းထွက်ရဲရသည်။ စစ်ကြောရေးတွင်လည်း ပါးနပ်လိမ္မာစွာ ဖြေရှင်းတတ်၊ ဖြေရှင်းရဲရသည်။ သတင်းစာထွက်ရှိရေးအတွက် အလုံးစုံလည်း တာဝန်ခံပေးခဲ့ရသည်။ နံနက်ခင်းသတင်းစာထွက်ချိန် ဖြန့်ချိရေးဝန်ထမ်းအဖွဲ့မရှိ၍ တာဝန်ခံ၍ဖြန့်ချိပေးရသည့်အကြိမ်များကလည်း မနည်း။ ထို့ပြင် **တိုင်းမှူး၊ မြို့တော်ဝန် အိမ်များသို့ နံနက်ခင်း အိမ်ပြန်ရင်း ကိုယ်တိုင် သတင်းစာပို့သမားလုပ်ခဲ့ရသည်ကလည်း အကြိမ်ကြိမ်၊ တစ်ခါတစ်ရံမှသာလာလေ့ရှိသော နိုင်ငံတော်အကြီးအကဲထံသို့လည်း ကိုယ်တိုင်လက်ရောက် သတင်းစာပို့ရသည်မှာလည်း မရေတွက်နိုင်၊ နံနက်ခင်းထွက် သတင်းစာကို အချိန်မီ လေဆိပ်သို့ရောက်ရေးအတွက် ကိုယ်တိုင် ပါဝင်ပို့ဆောင်ရသည်မှာလည်း များစွာ။** ကြော်ငြာဌာန ဝန်ထမ်းမရှိစဉ် အယ်ဒီတာလုပ်ရင်း အခြားတာဝန်များထမ်းရင်း ကြော်ငြာတာဝန်ခံလုပ်ခဲ့ရသည်မှာလည်း လချီကြာခဲ့သည်။ ထိုစဉ်က ယခုကဲ့သို့ မဟုတ်သတင်းနှင့်ပတ်သက်လာလျှင် မည်သည့်ကြော်ငြာမျိုးမဆို ဖြုတ်ချခွင့်၊ မည်သည့်စာမျက်နှာမျိုးကိုမဆို ပယ်ဖျက်ခွင့် အယ်ဒီတာထံတွင် အခွင့်အာဏာအပြည့်ရှိခဲ့သည်။ သတင်းစာတိုက်၏ စက္ကူများ၊ ပုံနှိပ်ပစ္စည်းများနှင့်ပတ်သက်၍လည်း ပစ္စည်းထိန်းတာဝန်ကို ပူးတွဲလုပ်ဆောင်ခဲ့ရသေးသည်။ ရုံးတွင်းသန့်ရှင်းရေးအပြင်၊ ကော်မတီမှ လုပ်ကိုင်သော လမ်းဖွင့်ပွဲ၊ သစ်ပင်စိုက်ပွဲ စသည့် ပွဲပေါင်းများစွာလည်း ကိုယ်တိုင်ပါဝင်ခဲ့ရသေးသည်။ သတင်းစာတိုက်တွင် နေ့၊ ည တာဝန်ထမ်းဆောင်နေစဉ် စုပေါင်းရုံးဝင်းအတွင်းမှ တာဝန်မှူးတာဝန် မထမ်းဆောင်၍လည်း ပြဿနာဖြစ်ခဲ့ရဖူးသည်။ အရေးကြီးသည့် သတင်းစာတိုက်တာဝန်ကိုသာ ပေကပ်၍ ထမ်းဆောင်ခဲ့သည်။ ပြင်ပစာပေနယ်မှ ပွဲအချို့ကိုလည်း အဆက်မပြတ်အောင် တက်ရသေးသည်။ သတင်းစာတိုက်မှ လူကြီးကိစ္စအချို့တွင်လည်း တာဝန်ကျလူကြီးမရှိချိန်တွင် မဖြစ်မနေ ဆောင်ရွက်ဖြေရှင်းပေးရသေးသည်။ ထိုမျှအလုပ်များ၊ တာဝန်များ၊ ဗာဟီရများသောလုပ်ငန်းမျိုး တစ်သက်တာတွင် မကြုံဘူးခဲ့ပေ။ ဘဝမျိုးစုံ၊လုပ်ငန်းမျိုးစုံ ကျင်လည်ခဲ့ဖူး၍သာ ယနေ့အချိန်ထိ တောင့်ခံတာဝန်ထမ်းဆောင်နိုင်ခြင်းဖြစ်သည်။ လက်တွဲဖော်များက တစ်ဦးခြင်း လက်တွဲဖြုတ်ခွဲ သွားကြလေပြီ . . . မကြာမီ . . . ။

## နှစ်သစ်ကူးဈေးရောင်းပွဲတော်ဖွင့်ပွဲ ကျင်းပ



**ကလော ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ ကလောမြို့ မြို့နယ်အားကစားကွင်း၌ ဒီဇင်ဘာ ၃၀ ရက် နံနက် ၈နာရီခွဲက နှစ်သစ်ကူးဈေးရောင်းပွဲတော်ဖွင့်ပွဲ ကျင်းပခဲ့ရာ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ နှစ်သစ်ကူးဈေးရောင်းပွဲတော်သို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များ ရောက်ရှိနေရာယူခဲ့ပြီး ဆယ့်နှစ်လပွဲဈေးသည်များ၏ စုပေါင်းဈေးရောင်းပွဲတော် ဆိုင်းဘုတ်အား ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်၊ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မင်းစစ်နိုင်၊မြို့မိ၊ မြို့ဖ ဦးစိုးမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

နှစ်သစ်ကူးဈေးရောင်းပွဲတော်ကျင်းပသော ညီနောင်မိတ်ဆွေကုမ္ပဏီမှ ဦးဆောင်၍ ဆယ့်နှစ်လပွဲဈေးသည်များက လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ လာရောက်ရောင်းချလျက်ရှိပြီး အပျော်စီးပင်လယ်ဓားပြနှင့် ကလေးစီးချားရဟတ်တို့ပါဝင်ကြောင်း၊ နှစ်သစ်ကူးဈေးရောင်းပွဲတော်ကို ညပိုင်းတွင် DJ အဖွဲ့နှင့် အဆိုတော်များဖြင့် ပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကလောမြို့ကို လာရောက်အပန်းဖြေလည်ပတ်ကျမည့် ရပ်နီးရပ်ဝေးမှ ခရီးသွားဧည့်သည်များ နှစ်သစ်ကူးပွဲတော်တွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ကြောင်း တာဝန်ရှိသူထံမှ သိရသည်။

နှစ်သစ်ကူးကာလ အစိုးရရုံးပိတ်ရက်ရှည်တွင် ကလောမြို့ကို လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များအတွက် လည်ပတ်နိုင်စရာများမှာ ကလောနီးဘုရား၊ ရွှေဥမင်သဘာဝလိုဏ်ဂူ၊ မြင်းမထိသဘာဝလိုဏ်ဂူ၊ သူရဲဥမင်လိုဏ်ဂူ၊ ကလောဘူတာ၊ နာရီစင်၊ ကလောမြို့မဈေးနှင့် ဇျူးပွိုင့်များဖြစ်သည့် kalaw view point ၊ ရေယောင်းမ view point ၊kalaw city view၊ တောင်မင်းကြီးခုံပြာ၊ မြင်းကအိုးစည်တောင်၊ ဗျိုက်တောင်နှင့် အခြားလည်ပတ်နိုင်စရာများ ရှိကြောင်း ဒေသခံများပြောကြားချက်အရ သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေ

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်မှာ တစ်ပိဿာ (၇၂၈၀ကျပ်) ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း အပြောင်းအလဲမရှိ ရည်ညွှန်းဈေးတည်ငြိမ်လျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက် ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်း ဖြစ်ပေါ်မှုများအရ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာ ၃၁ရက်မှ ၂၀၂၅ခုနှစ် ဇန်နဝါရီ ၅ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် (၇၂၈၀ကျပ်) ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။ **(အောက်ပုံ)**

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

**(မန္တလေးနေ့စဉ်-၅)**



## ရာသီပေါ်ဖရဲ၊ သခွား၊ ဆီးသီးများကို ပြည်တွင်းဈေးကွက်တွင်သာ ရောင်းချနေရ

ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် ရာသီပေါ်သီးနှံများကို ပြည်ပဈေးကွက်ထက် ပြည်တွင်းဈေးကွက်ကိုသာ အားပြုနေရကြောင်း သစ်သီးကုန်သည်များထံက သိရသည်။

ယခုအချိန်တွင် ဖရဲ၊ သခွားမွှေး၊ ဆီးသီးပေါ်ချိန်ဖြစ်သော်လည်း သယ်ယူပို့ဆောင်ရေးစရိတ်ကြောင့် ပြည်ပသို့ တင်ပို့နိုင်ခြင်းမရှိဘဲ ပြည်တွင်းဈေး၌သာ အားထားရောင်းချနေရသည်။

"သစ်သီးအများစုကို တရုတ်ပို့တာများတယ်။ မူဆယ်ဘက်လမ်းကြောင်းကလည်း မပွင့်တော့ မိုင်းလားဘက်ကနေ ပို့ရတယ်။ မိုင်းလားကနေသွားတော့လည်း သယ်ယူပို့ဆောင်ရေးစရိတ်ကြောင့် မတင်ပို့နိုင်ဘူး"ဟု သစ်သီးကုန်သည်တစ်ဦးက ပြောသည်။

မြန်မာ့သစ်သီးဝလံပို့ကုန် တင်ပို့မှုအား တရုတ်ဈေးကွက်ကို အားထားတင်ပို့နေခြင်းဖြစ်ပြီး ပုံမှန်ထက် ၆၀ ရာခိုင်နှုန်းလျော့ကျခဲ့သည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် သစ်သီးများကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ယခင်ကမူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းမှ အဓိကအများဆုံးတင်ပို့ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဖရဲ၊ သခွားမွှေး၊ ဆီးသီး၊ နဂါးမောက်သီး၊ သရက်သီး၊ မင်းဂွတ်သီး၊ ဒူးရင်းသီး၊ လိုင်ချီးသီးများ အပါအဝင် သီးနှံ ၂၅မျိုးကို အဓိကထား တင်ပို့နေခြင်းဖြစ်ပြီး ကိုဗစ်ကာလမတိုင်ခင် တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာသန်း ၁၄၀ ဝန်းကျင်အထိ ပို့ကုန်ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

*-*-*-*-*



**သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက်**
**ရှေ့တိုက်ကိုစိုး။**

## ၂၀၂၄ ခုနှစ်တွင် ရုရှားဓာတ်မြေသြဇာတင်ပို့မှု တန်ချိန်သန်း ၄၀ ရှိမည်

၂၀၂၄ ခုနှစ်တွင် ရုရှားသည် နိုင်ငံအသီးသီးသို့ ဓာတ်သတ္တုမြေသြဇာတန်ချိန် ၄၀ သန်းခန့်ကို ထောက်ပံ့ပေးခဲ့ပြီး ယင်းပမာဏသည် စံချိန်တင်အမြင့်ဆုံးဖြစ်ကြောင်း၊ ယင်းပမာဏအနက် လေးပုံသုံးပုံခန့်သည် ဖော်ရွေသောမိတ်ဖက်နိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း၊ ရုရှားဓာတ်မြေသြဇာ စုစုပေါင်းထုတ်လုပ်မှုပမာဏ၏ ၇၅ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့တင်ပို့နိုင်ခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။

အဆိုပါ ရုရှားဓာတ်မြေသြဇာတင်ပို့မှုသည် အာရှဈေးကွက်သို့ အများဆုံးတင်ပို့ခဲ့ပြီး ၆၀ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။ အာဖရိကနိုင်ငံများသို့ တင်ပို့မှုသည် ၁၈ ရာခိုင်နှုန်း တိုးတက်လာပြီး လက်တင်အမေရိကန်သို့ တင်ပို့မှုသည် ၂၀ ရာခိုင်နှုန်းခန့် တိုးလာခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံ၏ ဓာတ်မြေသြဇာထုတ်လုပ်မှုသည် မက်ထရစ်တန်ချိန် ၅၉.၃ သန်း ထုတ်လုပ်နိုင်ခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၆၄ သန်းခန့်အထိ တိုးမြှင့်ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့မှုလည်း တိုးတက်လာမည်ဟု အစောပိုင်းတွင် Mr.Andrei Guryev က ခန့်မှန်းခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံမှ ဓာတ်မြေသြဇာ အဓိကတင်ပို့သောနိုင်ငံများမှာ ဘရာဇီး၊ အိန္ဒိယ၊ အမေရိကန်၊ တရုတ်၊ မက္ကဆီကို၊ အင်ဒိုနီးရှား၊ တူကီယဲ၊ ပြင်သစ်၊ ဂျာမနီ၊ မလေးရှားစသည့်နိုင်ငံများ ဖြစ်ကြောင်း မြန်မာစီးပွားရေးသံမှူး (မော်စကိုမြို့)၏ နိုင်ငံတကာကုန်သွယ်ရေးဆိုင်ရာ သတင်းပေးချက်အရ သိရသည်။

**(အောက်ပုံ) ရွှေမန်း**



# စာကြည့်တိုက်ပေါင်း ၆ တိုက်ကို အသစ်တိုးချဲ့ဆောက်လုပ်ပေးနိုင်ခဲ့



**မင်းဘူး ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီမှ မ,တည်ငွေနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မ,တည်ငွေများဖြင့် ရပ်ကွက်နှင့် ကျေးရွာ စာကြည့်တိုက် စုစုပေါင်း ၆ တိုက်ကို အသစ်တိုးချဲ့ ဆောက်လုပ်ပေးနိုင်ခဲ့ပြီး စာကြည့်တိုက်လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ဆောက်လုပ်ရာတွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ငွေနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ မ,တည်ငွေများဖြင့် စာကြည့်တိုက်အသစ် တိုးချဲ့ ဆောက်လုပ်နိုင်ရန်အတွက် စာကြည့်တိုက်တစ်တိုက်လျှင် ငွေကျပ် သိန်း ၁၅၀ နှုန်းဖြင့် မ,တည်ပြီး ဒေသခံများနှင့် စေတနာရှင်အလှူရှင်များမှ စုပေါင်းထည့်ဝင်လှူဒါန်းငွေများဖြင့် မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ စာကြည့်တိုက် ၄တိုက်နှင့်ပွင့်ဖြူမြို့နယ်၌ စာကြည့်တိုက် ၂ တိုက် စုစုပေါင်းစာကြည့်တိုက် ၆ တိုက်ကို ဆောက်လုပ်ပေးနိုင်ခဲ့သည်။

မင်းဘူးခရိုင်အတွင်း၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသခံပြည်သူများနှင့် ယနေ့ခေတ် ကျောင်းသားလူငယ်များ စာအုပ်၊ စာပေများကို အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်စေရန်၊ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများရရှိနိုင်စေရန်၊ စာပေဖတ်ရှုလေ့လာပြီး အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များကို အကျိုးရှိရှိ လက်တွေ့အသုံးချပြီးဗလငါးတန်နှင့်ပြည့်စုံသောယနေ့ခေတ် အနာဂတ်လူတော်၊ လူကောင်းများ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ စာကြည့်တိုက်များကို အသစ်တိုးချဲ့ပြီး ယခုလို ဆောက်လုပ်ပေးရခြင်းဖြစ်ကြောင်း၊ ထို့အပြင် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကြီးကိုလည်း မင်းဘူးမြို့နှင့် စကုမြို့တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ နှစ်ကြိမ်တိုင်တိုင် အောင်မြင်စွာ ကျင်းပပြုလုပ်ပေးနိုင်ကြောင်း မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။ **(အပေါ်ဝဲပုံ)**

ထို့အပြင် မင်းဘူးခရိုင်၌ အကြောင်းအမျိုးမျိုးကြောင့် ရပ်နားထားသည့် မင်းဘူး(စကု)မြို့နယ်ရှိ စာကြည့်တိုက် နှစ်တိုက်၊ ပွင့်ဖြူမြို့နယ်ရှိ စာကြည့်တိုက် တစ်တိုက် စုစုပေါင်း စာကြည့်တိုက် သုံးတိုက်အတွက် စာကြည့်တိုက် တစ်တိုက်လျှင် ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ပရိဘောဂနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များ ဝယ်ယူဖြည့်တင်းပေးအပ်၍ စာကြည့်တိုက်လုပ်ငန်းများ ပြန်လည်ရှင်သန်လည်ပတ်နိုင်ရေး ယခုဘဏ္ဍာနှစ်တွင် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။ **(၅၀၀)**



# သံဃာတော်များ၊ သီလရှင်များ၊ အဘိုး၊ အဘွားများနှင့် ပင်စင်စား(အငြိမ်းစား)ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးဆောင်ရွက်

**သရက် ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှု မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် သရက်မြို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ အသက်(၈၅)နှစ်အထက် အဘိုး၊ အဘွားများနှင့် ပင်စင်စား(အငြိမ်းစား)ဝန်ထမ်းများအား အခမဲ့ကျန်းမာရေး ဆောင်ရွက်ခြင်းကို သရက်ခရိုင်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ဒေါက်တာညွန့်ရွှေအောင် ဦးဆောင်သော အထူးကုဆရာဝန်များ ကျန်းမာရေးဝန်ထမ်းများက ယမန်နေ့ မွန်းလွဲ ၁ နာရီက အုတ်ဖိုတိုက်ကျောင်း မြတ်ပါရမီ ပရဟိတ(အခမဲ့)ဆေးခန်းနှင့် လူမှုကူညီရေးအသင်းရုံး၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမဲ့ကျန်းမာရေးကွင်းဆင်းဆောင်ရွက်ရာတွင် သံဃာတော် ၄၂ ပါးသာသနာ့အနွယ်ဝင်သီလရှင် ၁၁ ပါးအသက် ၈၅နှစ်နှင့်အထက် အဘိုး၊ အဘွား ၅ ဦးနှင့် ပင်စင်စား(အငြိမ်းစား) ဝန်ထမ်း ၇၇ ဦးတို့ကို ကုသပေးခဲ့ပြီး ပြင်းထန်ဝမ်းလျှောရောဂါအကြောင်း ကျန်းမာရေးအသိပညာပေး ဆောင်ရွက်ခဲ့သည်။ ၂၀၂၅ ခုနှစ်တွင်လည်း ကျန်းမာရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဝန်ထမ်းများ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များအခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေးအသိပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

* – * – * – * – *

# ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ



**ကံမ ဒီဇင်ဘာ ၃၁**

ကံမမြို့နယ်၌ ပြည်သူများ ကိုယ်လက်လှုပ်ရှားခြင်းဖြင့် ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်)လူထုစုပေါင်းလမ်းလျှောက်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာ ၃၀ နံနက် ၅ နာရီက ကျင်းပခဲ့သည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲတွင် ကံမမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းငွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ခံအရာရှိများနှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အားကစားဝါသနာပါသူ လူငယ်၊ လူရွယ်များနှင့် ဒေသခံပြည်သူများ ပါဝင်၍ ကံမမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ စတင်ကာ လမ်းမတော်လမ်းတစ်လျှောက်မှ ကညင်တိုင်းကျေးရွာလမ်းပေါက်အထိ ပျော်ပျော်ပါးပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး အပြန်တွင် မြို့နယ်အားကစားကွင်းအတွင်း၌ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ဝမ်းထွန်း(အောင်လံ)**

# (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**ပခုက္ကူ ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး၊ပခုက္ကူမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ လွတ်လပ်ရေးနေ့ကို တန်ဖိုးထားမြတ်နိုးပြီး ထိန်းသိမ်းကာကွယ် စောင့်ရှောက်တတ်စေရန် ရည်ရွယ်၍ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို အခြေခံပညာကျောင်းများ အလိုက် ကျင်းပခဲ့သည်။

ထိုသို့ကျင်းပရာ ပခုက္ကူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်အလိုက် စာစီစာကုံးပြိုင်ပွဲတွင် ၈၁ ဦး၊ ကဗျာပြိုင်ပွဲတွင် ၄၈ ဦး၊ ကျပန်းစကားပြောပြိုင်ပွဲတွင်၁၅ ဦး၊ ပန်းချီပြိုင်ပွဲတွင် ၅၅ ဦး စသည်ဖြင့် ဉာဏစွမ်းရည်ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၉၉ ဦးရှိကြောင်း၊ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ အပြေးနှင့်အခြား ကာယစွမ်းရည်ပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူ ၅၂၀ ဦးကျော် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း၊ ပြိုင်ပွဲအမျိုးအစားများအလိုက် ဆုရရှိသူများကို၂၀၂၅ခုနှစ်၊ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများ အသီးသီးပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။



**(ဝဲပုံ)(၃၄၀)**

# မန္တလေးမြို့အတွင်းရှိ "နဂါးနန်းတော်" စိန်ရွှေရတနာဆိုင်နှင့် "ဆင်ဖြူတော်" ငွေလွှဲလုပ်ငန်းတို့အား သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုကျူးလွန်သူ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်နှစ်ဦးပါ တရားခံအမျိုးသားငါးဦးအား သက်သေခံရွှေထည်ပစ္စည်းနှင့်ငွေများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၃၁

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကဥ္စနမဟီရပ်ကွက် ၇၇ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ "နဂါးနန်းတော်" စိန်ရွှေရတနာဆိုင်၌ ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ဆိုင်ပိုင်ရှင်ဖြစ်သူ ဒေါ်ဥမ္မာအေး ၅၂ နှစ်ပါ ဆိုင်ဝန်ထမ်းခြောက်ဦးတို့ ရှိနေစဉ် အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဆိုင်ဝန်ထမ်းများအား သေနတ်ပြခြိမ်းခြောက်ကာ ဆိုင်ရှိရွှေထည်ပစ္စည်းမျိုးစုံ (ရွှေအလေးချိန် ၁ ပိဿာ ၉၁ ကျပ်သားခန့်၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၅၀၅ သိန်းခန့်)နှင့် ငွေစက္ကူရောရာ ကျပ်သိန်း၃၀ ခန့်တို့အားလုယက်ယူဆောင်ထွက်ပြေးသွားခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အခင်းဖြစ်ရပ် မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် လုယက်မှုကျူးလွန်သူ တရားခံများဖြစ်ကြသည့် ဖောင်းပြင်မြို့နယ် ပေါက်ကုန်းကျေးရွာနေ မိုးအောင်(ခ)အောင်မိုး ၂၉ နှစ်နှင့် ဒီပဲယင်းမြို့နယ် ထောင်တန်းကျေးရွာနေ ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာ ၂၉ နှစ်တို့ နှစ်ဦးအား အောင်မြေသာစံမြို့နယ် ၂၅ လမ်းနှင့် ၅၃ လမ်းကြားရှိ Nature တည်းခိုခန်း အခန်းအမှတ်(၂၀၉)၌ လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် M–5 အမျိုးအစားသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ M–4 A1 Carbine အမျိုးအစား သေနတ်တစ်လက်၊ ကျည်အိမ်သုံးခု၊ ကျည်မျိုးစုံ ၈၃ တောင့်၊ Click ဆိုင်ကယ်တစ်စီး၊ လုယက်မှုကျူးလွန်ရာမှရရှိသည့် ရွှေထည်ပစ္စည်းမျိုးစုံ ၁ ပိဿာ ၄၀ ကျပ်သားခန့်၊ ငွေစက္ကူရောရာ ၂၁၅ သိန်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ မိုးအောင်(ခ)အောင်မိုးနှင့် ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာတို့၏ ထွက်ဆိုချက်အရ လုယက်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာနေ အောင်ပြည့်စုံလွင် ၃၅ နှစ်နှင့် မိုင်ကုန်းရွာနေ သန်းထိုက်ထွန်း(ခ)ငနဲ ၃၃ နှစ်တို့အား ၎င်းတို့၏ နေအိမ်အသီးသီး၌ လုယက်မှုကျူးလွန်စဉ်အသုံးပြုခဲ့သည့် CANDA Wave 110 ဆိုင်ကယ်တစ်စီး၊ မီနီအိုးဝေတစ်စီးတို့နှင့် လည်းကောင်း၊ လုယက်မှုကျူးလွန်ရာမှရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား အရည်ကျိုပုံဖျက်ပေးသူ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်နေ ထွန်းမင်းလတ်(ခ)ထွန်းမင်း ၅၀ နှစ်(ဘ)ဦးသင်အား ၎င်း၏နေအိမ်၌ ရွှေထည်ပစ္စည်းများ အရည်ကျိုရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် လည်းကောင်း ယင်းနေ့ မွန်းလွဲပိုင်းတွင် အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ဖမ်းဆီးရမိတရားခံ မိုးအောင်(ခ)အောင်မိုး၊ ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာ၊ အောင်ပြည့်စုံလွင်နှင့် သန်းထိုက်ထွန်း(ခ)ငနဲတို့အား အခြားလုယက်မှု၊ ဓားပြမှုများနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းတို့လေးဦးသည် ဒီဇင်ဘာ ၂၄ ရက် ညနေ ၄ နာရီတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁) ရပ်ကွက်ရှိဆင်ဖြူတော်ငွေလွှဲလုပ်ငန်းအား သေနတ်ပြခြိမ်းခြောက်၍ ငွေကျပ်သိန်း ၃၀၀ နှင့် MDY–16/4Q 1196 Ertiga အမျိုးအစား ယာဉ်တစ်စီးတို့အား လုယက်ခဲ့ကြောင်း၊ လုယက်မှုကျူးလွန်းရာမှ ရရှိခဲ့သည့် ယာဉ်အား အမည်မသိအမျိုးသားတစ်ဦးထံ ငွေကျပ်သိန်း ၁၅၀ ဖြင့် ရောင်းချခဲ့ကြောင်း ထပ်မံဖော်ထုတ် သိရှိရသည်။

စစ်ဆေးချက်များအရ ဖမ်းဆီးရမိတရားခံ မိုးအောင်(ခ)အောင်မိုးသည် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ဆပ်ပြာကျင်းကျေးရွာ PDF အကြမ်းဖက်အဖွဲ့မှ ဒုတိယခေါင်းဆောင်ဖြစ်ပြီး ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာသည် ဒီပဲယင်းမြို့နယ် ဆပ်ပြာကျင်းကျေးရွာအုပ်စု ထောင်တန်းကျေးရွာ PDF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း၊ လုယက်မှုများကျူးလွန်စဉ်က အသုံးပြုခဲ့သော သေနတ်များအား PDF အကြမ်းဖက်အဖွဲ့ဝင် ကိုစိုးကြီး(စိစစ်ဆဲ)ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့ နှစ်ဦးသည် မန္တလေးမြို့ပေါ်ရှိ ရွှေဆိုင်များအား ဓားပြမှု၊ လုယက်မှုများ ကျူးလွန်၍ ရရှိငွေများဖြင့် လက်နက်၊ ခဲယမ်းများထပ်မံဝယ်ယူရန် မန္တလေးမြို့ပေါ်သို့ တက်ရောက်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုသို့ လုယက်မှုများကျူးလွန်ရာတွင် ခင်မင်ရင်းနှီးသူများဖြစ်ကြသည့် ပုသိမ်ကြီးမြို့နယ်နေ အောင်ပြည့်စုံလွင်နှင့် သန်းထိုက်ထွန်း(ခ)ငနဲတို့နှင့် ပူးပေါင်းကာ ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း။

ဒီဇင်ဘာ ၂၄ ရက် ညနေ ၄ နာရီတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်ရှိ ဆင်ဖြူတော်ငွေလွှဲလုပ်ငန်းအား ဝင်ရောက်လုယက်ရာတွင် မိုးအောင်(ခ)အောင်မိုးက MA–5 သေနတ်အား ကိုင်ဆောင်၍လည်းကောင်း၊ ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာက M4–A14 သေနတ်အား ကိုင်ဆောင်၍လည်းကောင်း ဆိုင်အတွင်း ဝင်ရောက်လုယက်ခဲ့ကြခြင်းဖြစ်ပြီး အောင်ပြည့်စုံလွင်နှင့် သန်းထိုက်ထွန်း(ခ)ငနဲတို့နှစ်ဦးက ဆိုင်အပြင်မှနေ၍ အခြေအနေစောင့်ကြည့်ပေးခဲ့ကြခြင်းဖြစ်ကြောင်း။

ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီမိနစ် ၅၀ တွင် "နဂါးနန်းတော်" စိန်ရွှေရတနာဆိုင်အား လုယက်မှုကျူးလွန်ရာ၌ မိုးအောင်(ခ)အောင်မိုးက MA–5 သေနတ်ဖြင့်လည်းကောင်း၊ ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာက MA–4 A1 သေနတ်ဖြင့် လည်းကောင်း အသီးသီးကိုင်ဆောင်ကာ ဆိုင်အတွင်းဝင်ရောက်၍ ဆိုင်ရှိဝန်ထမ်းများအား သေနတ်ပြခြိမ်းခြောက်ပြီး ဝင်ရောက်လုယက်ခဲ့ခြင်း ဖြစ်ပြီး အောင်ပြည့်စုံလွင်က ဆိုင်အပြင်မှနေ၍ အခြေအနေစောင့်ကြည့်ပေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် "နဂါးနန်းတော်" စိန်ရွှေရတနာဆိုင်နှင့် "ဆင်ဖြူတော်" ငွေလွှဲလုပ်ငန်းတို့အား သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုများကျူးလွန်ခဲ့သူ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖြစ်ကြသည့် မိုးအောင်(ခ)အောင်မိုး၊ ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာတို့နှစ်ဦးနှင့် ပူးပေါင်းကျူးလွန်သူ အောင်ပြည့်စုံလွင်၊ သန်းထိုက်ထွန်း(ခ)ငနဲ၊ ထွန်းမင်းလတ်(ခ)ထွန်းမင်းတို့ ငါးဦးအား သက်သေခံရွှေထည်ပစ္စည်းနှင့်ငွေများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



မန္တလေးမြို့အတွင်းရှိ "နဂါးနန်းတော်" စိန်ရွှေရတနာဆိုင်နှင့် "ဆင်ဖြူတော်" ငွေလွှဲလုပ်ငန်းတို့အား သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုကျူးလွန်သူ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်နှစ်ဦးပါ တရားခံအမျိုးသားငါးဦးဖြစ်သည့် (ဝဲမှယာ) တရားခံ သန်းထိုက်ထွန်း(ခ)ငနဲ၊ ကျော်စိုးလွင်(ခ)ကျော်ကြီး(ခ)ပြာတာ၊ မိုးအောင်(ခ)အောင်မိုး၊ အောင်ပြည့်စုံလွင်၊ ထွန်းမင်းလတ်(ခ)ထွန်းမင်းတို့အား သက်သေခံရွှေထည်ပစ္စည်းနှင့်ငွေများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

သတင်းစဉ်

# PDF အမည်ခံ အကြမ်းဖက်သမားများက ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအား မီးရှို့ဖျက်ဆီး၊ ကန့်ဘလူမြို့နယ် ဆားကုန်းကျေးရွာအတွင်း Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်

နေပြည်တော် ဒီဇင်ဘာ ၃၁

စစ်ကိုင်းတိုင်း ဒေသကြီး ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအား PDF အမည်ခံ အကြမ်းဖက်သမားများက ဒီဇင်ဘာ ၂၉ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မီးရှို့ဖျက်ဆီးခဲ့ရာ အလျား ၁၀၈ ပေ၊ အနံ ၃၃ ပေ၊ အမြင့် ၂၂ ပေရှိ ကွန်ကရစ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ အုပ်ညှပ် နှစ်ထပ်စာသင်ဆောင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဆားကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက် သမားများက ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲခန့်တွင် Drone အသုံးပြုပြီး Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အဆိုပါကျေးရွာနေ အပြစ်မဲ့ပြည်သူ အမျိုးသမီးတစ်ဦး ဗုံးစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကာ အမျိုးသားငါးဦးနှင့် အမျိုးသမီးရှစ်ဦးတို့တွင် ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများအား ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိသည်။



PDF အမည်ခံ အကြမ်းဖက်သမားများက ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက် အဖွဲ့များသည် အနာဂတ် ရင်သွေးငယ်များ၏ ပညာသင်ကြား သင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ၎င်းတို့အား ထောက်ခံ အားပေးမှုမရှိသည့် ကျေးရွာများအား အကြောက်တရားလွှမ်းမိုးစေရန် အဝေးမှနေ၍ လက်နက်ကြီးများ၊ Drone များအသုံးပြု၍ နှောင့်ယှက်ပစ်ခတ်ခြင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ဥပဒေမဲ့လုပ်ဆောင်လျက်ရှိသည်။



PDF အမည်ခံ အကြမ်းဖက်သမားများက ကန့်ဘလူမြို့နယ် ဆားကုန်းကျေးရွာအား Drop Bomb ချ တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

လုံခြုံရေးအဖွဲ့များ အနေဖြင့် အထက်ပါဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် နယ်မြေလုံခြုံရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကံမ ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၃၀ရက် နံနက် ၇နာရီက အမှတ် (၄)ရပ်ကွက်၊ ရွှေပုလ္လင်တောင်စေတီ ကုန်းတော်ပေါ်၌ ချုံနွယ် မြက်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းကို ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)**

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**

## မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်မိမိမော် မကွေးဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး



**မကွေး ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်မိမိမော်သည် မကွေးတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီး တရားလွှတ်တော်ရုံးအဖွဲ့မှူး၊ မကွေးဗဟို အကျဉ်းထောင်တာဝန်ခံ ဦးဇော်ထွန်း၊ ခရိုင်တရားသူကြီး၊ မြို့နယ်တရားသူကြီးတို့နှင့်အတူ ယမန်နေ့ နံနက် ၉ နာရီခွဲက မကွေး ဗဟိုအကျဉ်းထောင်အား သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီးချုပ်က အကျဉ်းသူ၊ အကျဉ်းသားများအား ဥပဒေပါအခွင့်အရေးများ ရရှိမှု ရှိ၊ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားညှဉ်းပန်းနှိပ်စက်မှုများ ရှိ၊ မရှိ၊ သောက်သုံးရေသန့်ရှင်းစင်ကြယ်မှု ရှိ၊ မရှိ၊ အစားအသောက်အာဟာရ သင့်တင့်မျှတ ကောင်းမွန်စွာကျွေးမွေးမှု ရှိ၊ မရှိ၊ နေရာထိုင်ခင်းသက်သာချောင်ချိမှု၊ သန့်ရှင်းမှု ရှိ၊ မရှိ၊ အဆောင်များ သန့်ရှင်းသပ်ရပ်မှုနှင့် လေဝင်လေထွက် ကောင်းမွန်မှု ရှိ မရှိ၊ အမျိုးသမီး အကျဉ်းသူအချုပ်သားများအား အကာအရံလုံခြုံစွာဖြင့် အမျိုးသမီးအဖော်များဖြင့် စောင့်ရှောက်မှု ရှိ၊ မရှိ၊ စစ်ဆေးဆဲအမှုများမှ ကြန့်ကြာသည့် အချုပ်တရားခံများ ရှိ၊ မရှိ၊ လူ့အခွင့်အရေးများ ချိုးဖောက်မှု ရှိ၊ မရှိနှင့် ကျန်းမာရေးစောင့်ရှောက်ထားရှိမှုတို့ကို စစ်ဆေးကြည့်ရှုကာ အကျဉ်းသား၊ အကျဉ်းသူများ၏ တင်ပြချက်များ၊ အယူခံဆိုင်ရာတင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဗဟိုအကျဉ်းထောင်အတွင်း၌ အပြစ်ကျအကျဉ်းသားအမျိုးသား ၂၂၀၅ ဦး၊ အမျိုးသမီး ၃၅၅ ဦး စုစုပေါင်း ၂၅၆၀ ဦးနှင့် တရားရုံးစစ်ဆေးဆဲ အချုပ်သား အမျိုးသား ၈၄ ဦး၊ အမျိုးသမီး ၂၆ဦး စုစုပေါင်း ၁၁၀ ဦးရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အောင်ကို(ဖန်ခါးမြေ)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်

**တောင်တွင်းကြီး ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး၏လမ်းညွှန်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ပွင့်လင်းရာသီရောက်လာသည်နှင့်အမျှ မီးဘေးအန္တရာယ်များအား အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်နှင့် ဝါကြိတ်စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက် ၈ နာရီခွဲက ဆက်လက်ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်စခန်းမှူး၊ ဒုမီးသတ်ဦးစီးမှူး ဦးသက်နိုင်ဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးလုံခြုံမှုရှိစေရေးအတွက် မီးသတ်ပစ္စည်းကိရိယာများဖြစ်သော မီးသတ်ဆေးဘူး၊ မီးသတ်ရေပုံးများ၊ မီးချိတ်၊ မီးကပ်များ၊ သဲအိတ်များ၊ ရေကန်များ ဖြည့်တင်းထားရှိစေရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များ၊ မီးလောင်လွယ်သည့် ဝါဂွမ်းသိုလှောင်ရုံများတွင် ဆေးလိပ်သောက်သုံးခြင်းမပြုရန်နှင့် နေအပူရှိန်ကြောင့် မီးလောင်မှုဖြစ်စေနိုင်သည့် ပစ္စည်းများထားရှိခြင်းမပြုရန်၊ မတော်တဆ မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ ဟိုတယ်၊ မိုတယ်များရှိ မီးဖိုချောင်အတွင်း မီးဘေးလုံခြုံမှုရှိစေရေး မီးဖိုချောင်သုံးပစ္စည်းများ၊ ကား၊ ဆိုင်ကယ်သုံးစက်ပစ္စည်းများ စနစ်တကျ ဆောင်ရွက်ထားရှိမှုများနှင့် မီးလောင်စဉ် မီးသတ်ဆေးဘူးများ စနစ်တကျ အသုံးပြုပုံတို့ကို အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

**နောင်နောင်(ဗိသုနိုးမြေ)**

## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၂၅၅၇ ဧကစိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧကပြည့်မီစေရန် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဒီနှစ်ဆောင်းရာသီမှာ စားနပ်ရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေသီးနှံဝင်ငွေတိုးပွားစေဖို့အတွက် စားဖိုဆောင် သီးနှံစုံ ၂၅၅၇ ဧကလျာထားစိုက်ပျိုးမှာဖြစ်ပြီး ဒီနေ့အထိ စားဖိုဆောင် သီးနှံစုံ ၂၁၇၈ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ သတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လုပ်ဆောင်နေပါတယ်။ ထွက်ရှိလာတဲ့ သီးနှံများကိုလည်း အစားအစာ ဘေးကင်းလုံခြုံအောင်၊ အထွက်နှုန်းကောင်းမွန်အောင် တောင်သူတွေကို GAP နည်းစနစ်များနှင့်အညီ စိုက်ပျိုးကြဖို့ သဘာဝမြေဩဇာ၊ သဘာဝဆေးတွေ ထုတ်လုပ်သုံးစွဲကြဖို့ စိုက်ပျိုးရေးပညာပေးတာတွေ ကြိုးကြပ်ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စားဖိုဆောင်သီးနှံစုံများ စိုက်ပျိုးခြင်းကို လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ယနေ့ထိ စိုက်ပျိုးပြီးစီးသည့် စားဖိုဆောင်သီးနှံများမှာ ငရုပ်ခြောက် ၉၉၂ ဧက၊ ကြက်သွန်နီ ၁၁၄၈ ဧက၊ ကြက်သွန်ဖြူ ၃၈ ဧက၊ စုစုပေါင်း စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**



# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်၊ အကွက်အမှတ်(၄၄၈)၊ ဦးပိုင်အမှတ်(၂/ခဲစင်းအနက်မှ)၊ ဧရိယာ(၁၅× ၄၆ ပေခွဲ)အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေပေါ်ရှိ (၂)ခန်း(၄)ခန်း နံကပ်(၂)ထပ် အဆောက်အအုံအပါအဝင် သွယ်တန်း တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးဇော်မင်းသန်း(၉/အမဇ(နိုင်)၀၆၆၄၅၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | | |
|---|---|---|---|
| **ဒေါ်ဇာဇာမောင်** | **ဦးထွန်းလွင်ဦး** | **ဦးသိန်းဦး(ချယ်ရီမြေ)** | **ဒေါ်သီတာကို** |
| LL.B,DL-101,IPlaw | LL.B,H.G.P | B.Sc,H.G.P,P.G.D.L | LL.B |

**တရားလွှတ်တော်ရှေ့နေများ**

Mandalay Justice Law Firm

**အမှတ်(၅၁)၊ ၈၇ A လမ်း၊ ၂၄ လမ်းနှင့် ၂၅ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

E.mail;zarzarmaung.lawyer@gmail.com

# အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၂၆၄-က)၊ ဧရိယာ(၃၅×၆၉)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်းဧရိယာ(၂၀× ၆၉)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ (၁)ဒေါ်မြင့်မြင့်နွယ် (ဘ)ဦးမြမောင်(၉/အမရ(နိုင်)၀၁၅၅၈၃)၊ (၂)ဒေါ်နုနုရီ(ဘ)ဦးမြမောင်(၉/အမရ(နိုင်)၀၁၃၅၃၄)၊ (၃)ဒေါ်စိုးယုဆွေ(ဘ)ဦးမြမောင် (၉/အမရ(နိုင်)၀၀၀၈၂၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သက်သက်မာ** (LL.B,D.BL) | **ဒေါ်ချိုချိုသင်း**(LL.B,D.B.L) | **ဒေါ်ဝေလွင်အောင်**(LL.B) |
| **(စဥ်-၁၂၃၈၀)** | **(စဥ်-၁၃၂၉၉)** | **(စဥ်-၁၁၈၇၁)** |

**တရားလွှတ်တော်ရှေ့နေများ**

**တံခွန်တိုင်၊ ဈေးတန်းရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၄၄၀၁၄၁၉၂၊ ၀၉-၄၀၂၅၅၂၅၂၇**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၊ ဝန်ထမ်းကွက်သစ်ရပ်ကွက်၊ ပလိပ်အုပ်စု၊ အကွက်အမှတ်(၁၅-ဃ/၃)၊ ဦးပိုင်(၃၀)၊ ဧရိယာ(၀ ဒသမ ၀၈၃)ဧက အကျယ်အဝန်းရှိ ဦးစိုးအမည်ပေါက် အိမ်ဝိုင်းမြေကွက်ကြီး၏ တောင်ဘက်ခြမ်း အရှေ့+အနောက် (နှစ်ဘက်မျက်နှာပွင့်)၊ ဧရိယာ(၀ ဒသမ ၀၄၁၅)ဧက အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်အပါအဝင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စဥ့်ကိုင်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၄/၂၀၂၃)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ကိုယ်တိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးစိုး၊ ဘ-ဦးဘသိန်း(၈/မမန(နိုင်)၀၄၃၂၂၂)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍လည်းကောင်း၊ ဝယ်သူအမည်ပေါက်ကိစ္စများ၊ ဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍လည်းကောင်း ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးပြည့်ဖြိုးမောင်မောင်(မဟာဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၈၄၉)**

**အခန်း(၃/အေ)၊ တာဝါ(၃)၊ သီရိမင်္ဂလာကွန်ဒို၊ ၂၇ လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၅၃၀၁၊ ၀၉-၂၀၀၀၁၈၄၊ ၀၂-၂၈၄၄၉၅၉**

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်မြို့သစ်၊ အပိုင်း(၁၂)၊ အမှတ်(၇၁)၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဒေါ်အုန်းကြည်အမည်ပေါက် စလစ်မူရင်း၏ တောင်ဘက်ခြမ်း (၃၀×၄၀)ပေ အကျယ်အဝန်းရှိ စလစ်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး(ရေ+မီး)နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုကာ ရောင်းချသူများဖြစ်ကြသည့် ဒေါ်ညွန့်ရည်၏ သား၊ သမီးများနှင့် မြေးများဖြစ်ကြသော (၁)ဒေါ်စုစုဆွေ(ဘ)ဦးညီတင်(၉/ကစန(နိုင်)၀၁၆၃၂၂)၊ (၂)ဒေါ်မြမြအေး(ဘ)ဦးညီတင်(၉/မရမ(နိုင်)၀၇၆၈၄၇)၊ (၃)ဦးဉာဏ်ဝင်း(ဘ)ဦးညီတင်(၉/မရမ(နိုင်)၀၇၆၈၄၅)၊ (၄)ဦးသက်တင်(ဘ)ဦးညီတင်(၉/မရမ(နိုင်)၀၇၆၈၄၄)၊ (၅)ဦးထိန်လင်း(ဘ)ဦးညီတင်(၉/မရမ(နိုင်)၀၇၄၂၂၉)၊ (၆)ဒေါ်နေခြည်(ဘ)ဦးမင်းနိုင်(၉/ခမစ(နိုင်)၀၆၃၅၂၇)၊ (၇)ဦးညီမင်းလွင်(ဘ)ဦးမင်းနိုင်(၉/ခမစ(နိုင်)၀၇၅၀၀၄)၊ (၈)ဒေါ်မေသူနိုင်(ဘ)ဦးမင်းနိုင်(၉/ခမစ(နိုင်)၀၅၄၀၀၁)တို့က ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်၏မိတ်ဆွေထံ ဝန်ခံကတိပြုကာ ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေကလည်း ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ရွှေရည်ဝင်းနိုင်**

(LL.B, D.B.L, D.I.L)

WIPO-DL-101(Switzerland)

**တရားလွှတ်တော်ရှေ့နေ-၉၆၈၈**

**အကွက်(၃၈၂)၊ သံလျက်မော်အနောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၄၃၇၁**

# အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ပုသိမ်ကြီးမြို့နယ်၊ တဲကုန်းကျေးရွာနေ ဒေါ်ငွေးကြည်(ဘ)ဦးထွန်းအောင်(၉/မနမ(နိုင်)၀၅၈၁၆၉)၊ ဒေါ်လှမြင့်သန်း(ဘ)ဦးထွန်းအောင်(၉/မနမ(နိုင်)၀၀၇၂၄၀)တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်သော ဦးထွန်းအောင်နှင့် ဒေါ်မြသန်းတို့တွင် ကျွန်ုပ်မိတ်ဆွေများအပါအဝင် သား၊ သမီး(၇)ဦး မွေးဖွားခဲ့ပြီး ၄င်းတို့မှာ ၁။ ဦးညွန့်ရွှေ၊ ၂။ ဒေါ်ကြည်အေး၊ ၃။ ဦးဝင်းကြည်(ခ)ဦးဝင်းထိန်၊ ၄။ ဒေါ်ငွေးရီ၊ ၅။ ဒေါ်ငွေးကြည်၊ ၆။ ဦးကျော်ခင်၊ ၇။ ဒေါ်လှမြင့်သန်းတို့ဖြစ်ပါသည်။ မိဘနှစ်ပါးကွယ်လွန်ပြီးနောက် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၆)၊ ဦးပိုင်အမှတ်(၈၄)၊ အရှေ့အနောက်(၃၅)ပေ၊ တောင်မြောက်(၇၀)ပေ အကျယ်အဝန်းရှိ ဒေါ်မြသန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် ဆိုင်ခန်းများသည် သား၊ သမီးများအကြား မခွဲဝေရသေးသည့် အမွေပုံပစ္စည်းအဖြစ် ကျန်ရှိခဲ့ကြောင်း သိရှိရပါသည်။

သား၊ သမီး(၇)ဦးအနက် သမီးဖြစ်သူ ဒေါ်ကြည်အေးသည် အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့သည့်အတွက် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၆)၊ ဦးပိုင်အမှတ်(၈၄)၊ အရှေ့အနောက်(၃၅)ပေ၊ တောင်မြောက်(၇၀)ပေ အကျယ်အဝန်းရှိ ဒေါ်မြသန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် ဆိုင်ခန်းများအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်များအားလုံးတို့မှာ ကျွန်ုပ်၏မိတ်ဆွေများနှင့် ကျန်မောင်နှမ(၄)ဦးတို့၏ အမွေပုံပစ္စည်းရပ်များဖြစ်သောကြောင့် ဒေါ်ငွေးကြည်နှင့် ဒေါ်လှမြင့်သန်းတို့၏ သဘောတူခွင့်ပြုချက်မပါရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်းများအပြင် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူများ** | **လွှဲအပ်ချက်အရ-** |
| **၁။ ဒေါ်ငွေးကြည်** | **ဒေါ်သူဇာလှိုင်**(LL.B) **ဒေါ်တင်မီမီကျော်**(LL.B) |
| **(၉/မနမ(နိုင်)၀၅၈၁၆၉)** | **တရားလွှတ်တော်ရှေ့နေများ** |
| **၂။ ဒေါ်လှမြင့်သန်း** | **၅၉(စီ)လမ်း၊ ၁၁၅(အေ)လမ်းနှင့် ၁၁၆လမ်းကြား၊** |
| **(၉/မနမ(နိုင်)၀၀၇၂၄၀)** | **ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။** |
| | **ဖုန်း ၀၉-၇၉၇၅၇၂၂၉၀၊ ၀၉-၇၉၇၅၇၅၁၇၈** |

# အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်၊ အမှိုက်စုတောင်ရပ်ကွက်၊ မြေကွက်အမှတ် (၃၉၆)၊ အကွက်အမှတ်(၅၉၇/၅)၊ ဦးပိုင်အမှတ်(အမ-၂၂၀)၊ မြေနှင့် အဆောက်အအုံသည် (၁၉၉၁-၁၉၉၂)ခုနှစ်မှစ၍ မြေစာရင်း မြေပုံ(၁၀၅)ထုတ်၍ လက်ဝယ်ထားရှိခဲ့ပါသည်။ ဖခင် ဦးဇောတစ်(ခ)ဦးစိုးတင့် ဆုံးပါးချိန်မှယနေ့အချိန်အထိ ကျန်ရှိမြေ(၅ $\frac{၁}{၂}$ ပေ×၅၀ ပေ)လမ်း (၄၂ပေ× မြောက် ၉၀ ပေ× တောင် ၈၀ ပေ)နှင့် အဆောက်အအုံပေါ်တွင် မိခင် ဒေါ်ညို၊ သမီး ဒေါ်မြို့သန်းဦး(ခ) ဒေါ်သန်းသန်းဦး (၉/အမရ(နိုင်)၀၆၀၉၃၁)၊ သား ဦးအောင်စိုးဝင်း(၉/အမရ(နိုင်)၀၀၀၈၈၃)တို့ အတူနေထိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဦးဇောတစ်(ခ) ဦးစိုးတင့် အမည်ပေါက် မြေ၊ အိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး သားအမိ(၃)ဦးသာ ခံစားခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကြေညာသူ-**

| | |
|---|---|
| **ဒေါ်မြို့သန်းဦး(ခ)ဒေါ်သန်းသန်းဦး** | **ဦးအောင်စိုးဝင်း** |
| **၉/အမရ(နိုင်)၀၆၀၉၃၁** | **၉/အမရ(နိုင်)၀၀၀၈၈၃** |
| **အိုးတော်ရပ်၊ အမှိုက်စုတောင်** | **အိုးတော်ရပ်ကွက်** |
| **အမရပူရမြို့။** | **အမရပူရမြို့။** |
| | **ဖုန်း ၀၉-၉၆၆၁၀၆၀၉၉** |

# သက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြစို့

၁။ ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကျန်းမာကြံ့ခိုင်လာစေသည်။

၂။ သက်လုံကောင်း၍ အမောခံနိုင်သည်။

၃။ အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။

၄။ ဦးနှောက်နှင့် အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။

၅။ ကိုယ်ခံစွမ်းအား မြင့်တက်စေပြီး ရောဂါများကို ကာကွယ်ပေးနိုင်သည်။

၆။ အကြော၊ အချဉ်၊ အရွတ်များကို ပျော့ပျောင်းစေ၍ လှုပ်ရှားလွယ်လက်ပေါ့ပါးစေနိုင်သည်။

၇။ သွေးလည်ပတ်မှု ကောင်းမွန်ပြီး အိပ်ပျော်၊ စားဝင်စေသည်။

၈။ စိတ်ဖိစီးမှုလျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။

၉။ နေ့စဉ်ပုံမှန် မိနစ်(၃၀)ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သောဘဝကို ပိုင်ဆိုင်စေနိုင်သည်။

**အားကစားနှင့်ကာယပညာဦးစီးဌာန**

# မန္တလေးမြို့တွင် ၂၀၂၅ နှစ်သစ်ကူးခြင်းကို နှစ်ဟောင်းနှုတ်ဆက်ပြီး နှစ်သစ်ကို အေးချမ်းပျော်ရွှင်မှုများနှင့်အတူ တပျော်တပါးကြိုဆို

**မန္တလေး ဒီဇင်ဘာ ၃၁**

၂၀၂၄ ခုနှစ် နှစ်ဟောင်းကုန်ဆုံး၍ ၂၀၂၅ နှစ်သစ်ကို ကူးပြောင်းပြီဖြစ်ရာ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် နှစ်သစ်ကူးပြောင်းခြင်းကို နိုင်ငံသူနိုင်ငံသားများက ညဥ့်နက်သန်းခေါင်ယံအထိ စောင့်ဆိုင်း၍ နှစ်သစ်ကို ကြိုဆိုခြင်းအထိမ်းအမှတ် ပျော်ရွှင်ဖွယ်ရာများဖြင့် အေးချမ်းပျော်ရွှင်မှုများနှင့်အတူ တပျော်တပါး ကြိုဆိုခဲ့ကြသည်။



မန္တလေးတွင် ကျင်းပသည့် နှစ်သစ်ကြိုဆိုခြင်း အထိမ်းအမှတ်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ၎င်းတို့၏ ဇနီးများ၊ ဧည့်ပရိသတ်တို့က မန္တလေးမြို့သူမြို့သားများ၊ ပြည်သူလူထုနှင့်အတူ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၅ ခုနှစ် နှစ်သစ်မကူးခင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီ မှ စတင်ကာ မန္တလေးမြို့တွင် နှစ်သစ်ကြိုဆိုခြင်း၏ အနှစ်သာရကို မန္တလေးမြို့သူ၊ မြို့သားများ၊ ပြည်သူလူထုတို့က နိုင်ငံကျော်အဆိုတော် သရုပ်ဆောင်အနုပညာရှင်များ၊ DJ တို့၏ မြူးကြွသည့် ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ မြူးထူးကခုန်ပျော်ရွှင်အေးချမ်းစွာဖြင့် ဖြတ်သန်းကြသည်။

၂၀၂၄ ခုနှစ် နှစ်ဟောင်းကုန်ဆုံးခါနီးအချိန် ၂၀၂၅ ခုနှစ် နှစ်သစ်သို့ကူးပြောင်းရောက်ရှိတော့မည့် စက္ကန့်ပိုင်းအလိုတွင် နှစ်သစ်ကူး Countdown ကို အတူရေတွက်ခြင်း၊ ည ၁၂ နာရီ တိတိတွင် Happy New Year ဟု သံပြိုင်ရွတ်ဆိုခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့နှင့်အတူ နှစ်ဟောင်းကို နှုတ်ဆက်၍ နှစ်သစ်ကို တပျော်တပါးကြိုဆိုခဲ့ကြကြောင်း၊ နိုင်ငံတော်ကြီး ပိုမိုငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုတောင်းကြိုဆိုခဲ့ကြကြောင်းနှင့် မိတ်ဟောင်းဆွေဟောင်း မိတ်သစ်ဆွေသစ်များထံသို့ စိတ်ရင်းစေတနာဖြင့် နှစ်သစ်ကူးဆန္ဒများနှင့်အတူ မက်ဆေ့ချ်များပေးပို့ခြင်းတို့ဖြင့် ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





# နည်းပြ ဂွါဒီယိုလာ ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် ပွဲ ၅၀၀နှင့်အထက် ကိုင်တွယ်ခဲ့သည့် နည်းပြများထဲတွင် နိုင်ပွဲရာခိုင်နှုန်းအမြင့်ဆုံးဖြင့် ထိပ်ဆုံးတွင်ရပ်တည်

မန်ချက်စတာစီးတီးအသင်း နည်းပြ ဂွါဒီယိုလာသည် ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် ပွဲ ၅၀၀နှင့်အထက် ကိုင်တွယ်ခဲ့သည့် နည်းပြများထဲတွင် နိုင်ပွဲရာခိုင်နှုန်းအမြင့်ဆုံးဖြင့် ထိပ်ဆုံးနေရာတွင် ရပ်တည်ခဲ့သည်။

အဆိုပါ နည်းပြသည် ပွဲ ၅၀၀နှင့်အထက်ကိုင်တွယ်ခဲ့ပြီး နိုင်ပွဲ ၃၅၅ထိရယူနိုင်ခဲ့ကာ ထိပ်ဆုံးတွင် ရပ်တည်ခဲ့ပြီး ၎င်းနောက်တွင် နည်းပြ မော်ရင်ဟို နိုင်ပွဲ ၃၀၄ပွဲ၊ နည်းပြ ယာဂန်ကလော့ပ် နိုင်ပွဲ ၂၉၉ပွဲ၊ နည်းပြ အာစင်ဝင်းဂါး နိုင်ပွဲ ၂၈၉ပွဲ၊ နည်းပြ ဖာဂူဆန် နိုင်ပွဲ ၂၆၄ပွဲ တို့အသီးသီး ရပ်တည်နိုင်ခဲ့သည်။

နည်းပြ ဂွါဒီယိုလာသည် မန်ချက်စတာစီးတီးအသင်းအားလည်း ပရီးမီးယားလိဂ်ချန်ပီယံဆု၊ ချန်ပီယံလိဂ်ချန်ပီယံဆု၊ အင်္ဂလိပ်အက်ဖ်အေဖလားချန်ပီယံဆုအပြင် အခြားဆုဖလားပေါင်းများစွာကိုလည်း ရယူပေးထားနိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြ ဂွါဒီယိုလာအနေဖြင့် နည်းပြဘဝမှ အနားမယူခင်အချိန်အထိ မည်သည့်အောင်မြင်မှုမျိုးများ ဆက်လက်ရယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရဦးမည်ဖြစ်သည်။ **(NGB)**

